ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ ကြာသပတေးနေ့ (4-11-2010) (၆၅၇၂)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အီဂျစ်အာရပ်သမ္မတနိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်　　နိုဝင်ဘာ　　၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရှုရစ်ဖ် ယူဆွတ်ဖ် အဘတ်စ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ရှုရစ်ဖ် ယူဆွတ်ဖ် အဘတ်စ်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော်　　နိုဝင်ဘာ　　၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ဖက်ဒရယ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟိုဆေး ကာလို့စ် ဒါဖွန်ဆေးကား ဂျူနီယာသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ် ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟိုဆေး ကာလို့စ် ဒါဖွန်ဆေးကား ဂျူနီယာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဇော်မင်းမင်းဦး၏ "ဆန္ဒမဲပေးကြပါစို့" ကဗျာ　စာမျက်နှာ (၉)
ခိုင်မျိုးညီလာအောင်၏ "ပြည်သူတို့၏ မဲတစ်ပြားသည် ဒီမိုကရေစီနိုင်ငံ တည်ဆောက်မည့် ရွှေအုတ်တစ်ချပ်ဖြစ်၏" ဆောင်းပါး　စာမျက်နှာ (၈ ၊ ၉)
ကျော်သူဟိန်း၏ "တာဝန်ကိုယ်စီ ရှိကြသည်" ကာတွန်း　စာမျက်နှာ (၉)

ကြေးမုံ The Mirror
၄-၁၁-၂၀၁၀
(ကြာသပတေးနေ့)

ဒီမိုကရေစီလမ်း လျှောက်လှမ်းကိုယ်စီ မဲရုံဆီ

ပြည်သူတစ်ရပ်လုံး မျှော်မှန်းသည့် ဒီမိုကရေစီအခွင့်အလမ်းများ ရရှိနေပြီ။ ပြည်သူတို့ တမ်းတသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ရေး ကြိုးပမ်းကြရဦးမည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပ၍ ခေတ်သစ်တစ်ခု၊ စနစ်သစ်တစ်ခုကို ပြောင်းလဲကြမည်ဖြစ်သည်။

ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံရေးပါတီ (၃၇)ပါတီမှ ကိုယ်စားလှယ်လောင်း ၃၀၀၀ ကျော်တို့ ပါဝင်ယှဉ်ပြိုင် အရွေးခံကြမည်။ ကိုယ်စားလှယ်လောင်းများက မဲဆွယ်စည်းရုံးလှုပ်ရှားမှုများ တက်တက်ကြွကြွ ဆောင်ရွက်နေကြသည်။ ပြည်သူများအတွင်း မဲပေးသင့်သည့်ပါတီ၊ ရွေးချယ်သင့်သည့်ကိုယ်စားလှယ်လောင်းများနှင့်စပ်လျဉ်း၍ အာရုံစူးစိုက် ဝေဖန်သုံးသပ်နေမှုများကိုလည်း တွေ့မြင်ကြားသိ နေရသည်။

ယနေ့အချိန်အခါသည် တိုင်းပြည်နှင့်လူမျိုးအတွက် အရေးကြီးသော သမိုင်းအချိုးအကွေ့တစ်ခု။ ကြီးမားသော အလှည့်အပြောင်းတစ်ခုအတွက် ဒီမိုကရေစီနည်းလမ်းကျကျ ကြိုးပမ်းလုပ်ဆောင်ကြရမည့် အချိန်ကာလ။ ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းလာရေး စတင်လျှောက်လှမ်းကြရမည့် ခရီးတစ်ခု၏အစ။

နိုင်ငံနှင့်အဝန်း ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေး သိုက်သိုက်ဝန်းဝန်း လှုပ်လှုပ်ရှားရှား ဆောင်ရွက်နေကြချိန်တွင် ပြည်တွင်း ပြည်ပမှ အချို့အချို့သောသူတို့က ရွေးကောက်ပွဲတွင် မဲမပေးကြရေး လှုံ့ဆော်ပြောဆိုမှုများကို ကြားသိနေရပြန်သည်။ ဒီမိုကရေစီအစစ်အမှန်ကို မပေးနိုင်၊ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်နိုင်ဖွယ်မရှိဟူ၍ စွပ်စွဲနေကြသည်။ ပြည်သူကြားမှ ပြည်သူ့အကျိုးအတွက် ဆောင်ရွက်မည့်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ခွင့်ရခြင်းသည် ဒီမိုကရေစီဖြစ်သည်ကို ပိုင်းဆစ်လေ့လာကြည့်က သိရှိနိုင်မည်ဖြစ်သည်။

မြန်မာပြည်သူအများစုသည် ခေတ်စနစ်အလိုက် အရေးအခင်းမျိုးစုံကို ကြုံဖူးခဲ့ကြပြီ။ ဖြတ်သန်းခဲ့ရသော သမိုင်းခေတ် ရေစီးကြောင်းတွင် နိုင်ငံရေးသမားတို့၏ အသုံးချမှုများနှင့် ခါးသီးသောအတွေ့အကြုံများကိုလည်း ခံစားခဲ့ကြရဖူးပြီ။ ယနေ့ကာလတွင် နိုင်ငံနှင့်ပြည်သူ့အကျိုးအမှန်တကယ် သယ်ပိုးဆောင်ရွက်နိုင်မည့်သူများကိုသာ ရွေးချယ်ကြမည်ဖြစ်သည်။

ပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီလမ်းတွင် လျှောက်လှမ်းနေကြပြီ။ ဒီမိုကရေစီပန်းတိုင်သည် လက်တစ်ကမ်းတွင် ရောက်ရှိနေပြီ။ တွေးခေါ်မြော်မြင်နိုင်စွမ်းရှိသည့် ပြည်သူတိုင်းက ဒီမိုကရေစီခေတ်သစ်တစ်ခု ထူထောင်နိုင်ရေးတွင် ရွေးကောက်ပွဲနည်းလမ်းမှတစ်ပါး အခြားနည်းမရှိသည်ကို သိရှိနေကြပေပြီ။ ဒီမိုကရေစီအခွင့်အလမ်းနှင့်အညီ ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးရွေးချယ်နိုင်ခြင်းသည် နိုင်ငံသားတစ်ဦးရရှိနေသည့် အခွင့်အရေးဖြစ်ရာ အပြည့်အဝအသုံးချကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၃

ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို နိုဝင်ဘာ ၂ ရက်နှင့် ယနေ့တို့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် တက်ရောက်လက်ခံသည်။

အခမ်းအနားတွင် ဗိုလ်ချုပ်သန်းအောင်နှင့်ဇနီး ပါမောက္ခ ဒေါက်တာ ဒေါ်ဝင်းဝင်းမြ မိသားစုက ငွေကျပ် ၁၀ သိန်း၊ အရှဏ်ဦး လူမှုဖွံ့ဖြိုးရေးအသင်းက ငွေကျပ် ၁၀ သိန်း၊ အရှဏ်ဦး လူမှုဖွံ့ဖြိုးရေးအသင်းမှ ဝန်ထမ်းများက ငွေကျပ် နှစ်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ငွေကျပ် ၁၀သိန်း၊ မာမီးခေါက်ဆွဲ မိသားစုကိုယ်စား အထွေထွေမန်နေဂျာ ဒေါ်စောတင်အေးက ငွေကျပ် ၃၅ သိန်း တန်ဖိုးရှိ မာမီးခေါက်ဆွဲခြောက် အထုပ် ၃၀၀၀၀၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က အမေရိကန်ဒေါ်လာ ၁၃၅၆၁၇ တန်ဖိုးရှိ အရေးပေါ်ကယ်ဆယ်ရေးနှင့် အိမ်ဆောက်ပစ္စည်းများ၊ ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ဖိုးစိန်လမ်းနေ ဦးမျိုးခင်နှင့်ဇနီး ဒေါက်တာ ဒေါ်ကြည်ကြည်အောင် မိသားစုက ဆန် ၁၂ အိတ်တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းဂီရီ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ဗိုလ်ချုပ်သန်းအောင်နှင့်ဇနီး ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြ မိသားစုက ငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။ (သတင်းစဉ်)

မုံ့ဒိုမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

မုံ့ဒိုမြို့နယ်အသင်း(ရန်ကုန်)၏ (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မြစံပယ်လမ်း ပါရမီ(ရေကူး)ရှိ ဝိဇ္ဇောတာရုံ ပရိယတ္တိ စာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ မုံ့ဒိုမြို့နယ်သူမြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက်(၈၀)နှင့် အထက် အသင်းဝင် သက်ကြီး ဘိုးဘွားများ၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးများနှင့် ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သည့် ပါရဂူဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများသည် သန်းခေါင်စာရင်းမိတ္တူ၊ အမှတ်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်စသည့် အထောက်အထားများကို ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း-၀၉-၈၀၃၄၅၁၇၊ ၅၈၅၃၀၂၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ ဦးငွေစိုး ဖုန်း-၅၆၉၃၁၃၊ အတွင်းရေးမှူး ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း-၅၃၈၇၂၁၊ မုံ့ဒိုမြို့ရှိ အသင်းအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာမြင့်ဦး ဖုန်း-၀၅၇-၇၀၀၆၁၊ ဒေါက်တာသန်းဝင်း ဖုန်း-၀၅၇-၇၀၀၇၇နှင့် နီးစပ်ရာ အသင်းအလုပ်အမှုဆောင်များထံ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ အချိန်မီပေးပို့ကြပါရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

နိုင်ငံတကာအသိအမှတ်ပြု Cisco Network Professional သင်တန်းများပို့ချမည်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာအိုင်စီတီ နည်းပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းခွင်တွင် လိုအပ်လျက်ရှိသော ကျွမ်းကျင် Professional များ အရည်အချင်းမီ ဖြည့်ဆည်းနိုင်ရေးတို့ကို ရည်ရွယ်၍ Computer Networking ကို အထူးပြုလေ့လာနေသူများ၊ နိုင်ငံတကာ အသိအမှတ်ပြု Network Professional များအဖြစ် ရပ်တည်လိုသူများအတွက် Cisco (CCNA/ CCNP) ဘာသာရပ်တွဲများကို စာတွေ့လက်တွေ့ စုံလင်တိကျစွာဖြင့် စာမေးပွဲဖြေဆိုအောင်မြင်သည်အထိ M.S.T နည်းပညာသင်တန်းကျောင်းမှ သင်ကြားပို့ချသွားမည်ဟု သိရှိရသည်။

Cisco Network Professional Level အောင်လက်မှတ်များရရှိထားရန် CCNA ကို ပထမအဆင့်အဖြစ် တက်ရောက်ရမည်ဖြစ်ပြီး အဆိုပါအဆင့်တွင် Networking အခြေခံသဘောတရားများ၊ Internetwork အပြန်အလှန်ချိတ်ဆက်ပုံများ၊ Routing ပြုလုပ်မှုများ၊ Layer 2 Switching, Network Security, Wireless Network, NAT, IPv6,WAN နည်းပညာရပ်အစရှိသည်တို့ကို အဓိကလေ့လာသင်ကြားရမည် ဖြစ်သည်။ CCNA ပြီးဆုံးပါက CCNP အဖြစ် အဓိကဘာသာရပ်များဖြစ်သော Routing/Switching နှင့် Troubleshooting ဟူ၍ Service Provider Level အဆင့်မြင့် ဆက်လက်လေ့လာသင်ကြားနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

Cisco Network Professional Level အတွက် အထက်ပါ CCNA/ CCNP အဆင့် နှစ်ခုစလုံးအတွက် Teaching Material များနှင့် စာတွေ့လက်တွေ့ ပိုင်နိုင်စေရန် စက်ကိရိယာစုံလင်သော Cisco LAB ဖြင့်ပါ ပူးတွဲလေ့ကျင့်သင်ကြားသွားမည်ဖြစ်သည်။ နိုင်ငံတကာတွင် သင်တန်းကြေး အဆမတန် မြင့်မားသော ဘာသာရပ်ဖြစ်သော်လည်း ထိုသင်တန်းများကို သင်တန်းကြေးသက်သာစွာ အကျိုးခံစားခွင့် Discount များ၊ သင်တန်းကြေးခွဲသွင်းခွင့်များ သတ်မှတ်ပေးထားကြောင်းနှင့် Computer အထူးပြုဘာသာရပ် တက္ကသိုလ်၊ ကောလိပ်၊ ဒီပလိုမာ ကျောင်းသား၊ ကျောင်းသူများ၊ NE သို့မဟုတ် Network အခြေခံရှိပြီးသူများ တက်ရောက်နိုင်ကြောင်း၊ သင်တန်းသား ဦးရေ ၁၀ ဦးအထိသာ ကန့်သတ်ထားပြီး တန်းခွဲသစ်များကို နိုဝင်ဘာ ၁၁ရက်တွင် စတင်မည်ဖြစ်ကြောင်း၊ စိတ်ဝင်စားသူများအနေဖြင့် အသေးစိတ် အချက်အလက်များကို M.S.T နည်းပညာသင်တန်းကျောင်း အမှတ် (၁၁၁) ပထမထပ် (၄၁)လမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း-၃၉၂၁၆၅၊ ၀၉-၅၁၂၆၁၀၈ နှင့် ၀၉-၅၅၀၄၅၃၂ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးနေ ဒေါက်တာ တင်ထွန်းဦး၊ဒေါက်တာ ခင်မိုးမိုး (သုတစွယ်စုံ စာအုပ် တိုက် နှင့် စွယ်စုံမီဒီယာ) တို့က ပုဇွန်တောင်မြို့နယ် အမှတ် (၆) အခြေခံ ပညာမူလတန်းကျောင်း ခြံစည်းရိုးတည်ဆောက်ပြုပြင်ရေးအတွက် ငွေကျပ်သုံးသိန်းကို အောက်တိုဘာ ၂၅ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာပို့စ်ဂျာနယ် အတွဲ(၂) အမှတ်(၄၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးအမှန်တကယ်သယ်ပိုးမည့် ကိုယ်စားလှယ်များလိုအပ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး အပြည့်အဝရရှိရေး အမှန်တကယ်ကြိုးပမ်းမည့် ကိုယ်စားလှယ်များ ရွေးချယ်၊ နှလုံးရည်နှင့် လက်ရုံးရည်ပြည့်စုံပြီး ကိုယ်ကျိုးမဖက် အများအကျိုးသယ်ပိုးလိုသည့် ပရဟိတစိတ်ဓာတ်ရှိသူ ကိုယ်စားလှယ် မဲပေးပါ စသည့် မျက်နှာဖုံးဆောင်းပါးများ၊ ဂီရိမုန်တိုင်း ကယ်ဆယ်ရေး၊ ကူညီရေး၊ ပြန်လည်ထူထောင်ရေး သတင်းများ၊ (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကို အဓိကဆွေးနွေး စသည့် သတင်းများနှင့် မောင်ဝံသ၊ မောင်ထွန်းလွင်(မိုးလေဝသ)၊ ဦးသန်းထွတ်(ပါမောက္ခ-ငြိမ်း၊ ပညာရေးတက္ကသိုလ်)၊ မောင်သာနိုး စောရွှေသန်း(အလုံ)၊ မြင့်မောင်(PhilQ) တို့၏လေ့လာမှတ်သားဖွယ် ဆောင်းပါးများ၊ သတင်းများကို ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံရေးအမြင်များနှင့် စပ်လျဉ်း၍ မဲဆွယ်စည်းရုံးမှုအဖုံဖုံဖြင့် တက်စုံ ရွက်ကုန်ဖွင့်ကြလေပြီ၊ မဲပေးဖို့ ဆုံးဖြတ်ပြီးပြီလား၊ ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေး ပုံရိပ်၊ အကုန်မသိ အမြဲမမှန် သိစရာတွေ ရှိသေးသည် စသည့် နိုင်ငံရေးအမြင် သတင်းဆောင်းပါးများ၊ သတင်းများဖော်ပြပါရှိသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ခရီးသွားကဏ္ဍ၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နိုင်ငံတကာအားကစားစသည့် ကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် လမ်းသစ်ဖောက်ခြင်း၊ လမ်းဟောင်းပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ပါက လမ်းအန္တရာယ်ကင်းရှင်းရေး စစ်ဆေးရန်လိုအပ်၊ ကားဝယ်လိုရောင်းလိုသူများ ကားအွန်လိုင်းမှတစ်ဆင့် အရောင်းအဝယ်ပြုလုပ်နိုင်၊ အနုပညာရှင်များပြောတဲ့ သည်းခံ ခွင့်လွှတ်ခြင်း စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ဒီပါဝလီနေ့တွင် လော်ကားဥယျာဉ်ကို ဖွင့်လှစ်ထားမည်

ရန်ကုန် နိုဝင်ဘာ ၃

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားပြီး နိုဝင်ဘာ ၅ ရက် (ဒီပါဝလီနေ့)တွင် အများပြည်သူများ စိတ်ချမ်းမြေ့ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရာဇီးလ်ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟိုဆေး ကာလို့စ် ဒါဖွန်ဆေးကားဂျူနီယာအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ *(သတင်း-ရွှေဖုံး)* (သတင်းစဉ်)

* ရွှေဖုံးမှ

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ရှရစ်ဖ် ယူဆွတ်ဖ် အဘတ်စ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁၁-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "လောကီမင်္ဂလာပါးအရှုဉာဏ်" တရားတော် (ဆရာတော် ဘဒ္ဒန္တဝိစိတ္တ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၆၄)**
- ၇း၃၀ **MRTV-4** သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၃၁)**
- ၈း၅၀ Memories of the 1980's Music Concert (Part-4)
- ၉း၂၅ Science For All (လေဝင်လေထွက်ကောင်းမွန်မှုတအောင်) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
- ၉း၅၅ မေတ္တာနှောင်ကြိုး တိုးလို့ဖြစ်တည်. . . လိမ်းလီတံတားမှသည်
- ၁၀း၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀း၄၅ The Champion of Dance
- ၁၁း၁၅ ခာတ်ပုံထဲမှအမှတ်တရများ (ဇေယျ)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၉)
- ၁၂း၀၅ အသံတိတ်အိပ်မက်ဆိုး (မေသန်းနု၊ ချစ်သုဝေ၊ ဂျင်းနီ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၂း၅၀ ပါဝင်လျှုဒါန်းကုသိုလ်ယူမည် ဒုတိယအင်းလေးဆီ
- ၁း၀၀ "လောကီမင်္ဂလာပါးအရှုဉာဏ်" တရားတော် (ဆရာတော် ဘဒ္ဒန္တဝိစိတ္တ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၃း၁၀ ဆုတောင်းပြည့်ရန်နိုင်အောင် စေတီတော်၏ အောင်သဗ္ဗသိဒ္ဓိတံခွန်တိုင်
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၆၄)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၃၁)**
- ၅း၀၀ Style ရှိမှ Star ဖြစ်မယ်
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၁၉)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၆၅)**
- ၇း၀၅ ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၇း၂၀ Memories of the 1980's Music Concert (Part-5)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ဒီမိုမွေးနေ့ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၃၂)**
- ၁၀း၂၀ စကားနပန်း (ဈေးကြီးတာကောင်းတယ်၊ ဈေးမကြီးတာကောင်းတယ်)
- ၁၁း၀၅ အနုပညာမိုးကောင်းကင်
- ၁၁း၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "Power King ဗီဒီယိုထုတ်လုပ်ရေးမှဇာတ်ကားများအားမိတ်ဆက်ပွဲ"
- ၁၁း၅၀ ရေနံမြေမှသာသနာ့ဝန်ထမ်း ဆရာတော်ဘဒ္ဒန္တဇနိတ၏စိန်ရတုဝိဇာတမင်္ဂလာ
- ၁၂း၀၅ ဂီတသရုပ်ပြခန်း (ရတနာမိုင်-မရှိလို့မဖြစ်)
- ၁၂း၃၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း"
- ၁၂း၅၀ လမ်းကလေးပေါ်မှာ စည်းချက်ညီညီ မောင်းကြစို့
- ၁း၀၀ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ကလေးတို့အကြိုက်ဂျယ်လီပြုလုပ်နည်း)
- ၁း၀၅ သင်ယူလေ့လာဂီတပညာ (Audio Engineering Module;02) (Recording)
- ၁း၄၀ ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
- ၂း၀၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၂း၃၀ ဒေဝီစေခိုင်းသမင်လိုက်ခန်းနှင့် ကျေးလက်ကကွက်လွန်စွဲမက်
- ၂း၄၅ မြန်မာစာ၊ မြန်မာစကား
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နော်လီဇာ)
- ၄း၄၅ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

B.A(Law)LL.B နောက်ဆုံးအပတ်စဉ် ဥပဒေကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် ဥပဒေပညာဌာန၌ ပညာသင်ကြားခဲ့ကြသော (၁၉၇၅ ကျောင်းဝင် ၁၉၈၀ ဘွဲ့ရ) B.A(Law)LL.B နောက်ဆုံးအပတ်စဉ် ကျောင်းသား၊ ကျောင်းသူများ၏ ဘွဲ့ရပုလဲရတုအထိမ်းအမှတ် စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ကန်တော်ကြီး Royal Garden Restaurant ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေပေးအပ်ထည့်ဝင်လိုသူ ကျောင်းသား၊ ကျောင်းသူများသည် ဦးတင်မောင်ဆွေ ဖုန်း-၀၉-၅၀၀၉၁၆၇၊ ဦးဝင်းကို ဖုန်း-၀၉-၂၀၁၁၈၈၂၊ ဦးအောင်အောင် ဖုန်း-၀၁-၂၁၈၁၃၂၊ ဦးမြအောင် ဖုန်း-၀၉-၅၁၅၁၂၄၆၊ ဒေါ်ခင်အုန်းမြင့် ဖုန်း-၀၉-၅၃၄၁၅၉၅၊ ဒေါ်ခင်မမ ဖုန်း-၀၉-၅၀၈၀၄၃၈၊ ဒေါ်စိုးမြတ်မူ ဖုန်း-၀၉-၅၅၀၂၄၁၃နှင့် ဒေါ်မြင့်မြင့်အေး ဖုန်း-၀၁-၅၁၃၄၇၃ တို့သို့ ဆက်သွယ်ပေးအပ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချမည်

နေပြည်တော် နိုဝင်ဘာ ၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၁၀ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ငွေကျပ် ၅၀၀ တန်တစ်မျိုး**(အပေါ်ပုံ)**ကို နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ် ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့၌ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက် (တနင်္ဂနွေနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းပေါ်၌ တံဆိပ်ခေါင်းဖျက် အထူးအမှတ်အသားတံဆိပ်များ ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၁၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ(စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
- ၈း၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈း၂၀ ၈။ အကပဒေသာ
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL Grand Royal Cup(2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော် FC နှင့် ဇွဲကပင်ယူနိုက်တက် FC)
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၂၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
- ၅း၃၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၄၅ ၆။ "သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်"
- ၆း၀၀ ၇။ ညနေခင်းသတင်း
- ၆း၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၉။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၇)**
- ၇း၄၅ ၁၁။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ "ဒီမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ "ပြည်တွင်းပြည်ပ ပို့ဆောင်ရေး ရေကြောင်း၊ လေကြောင်း ကြိုးပမ်းပေး"
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ)(အပိုင်း-၃၃)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၇)**
- ၁၉။ အစီအစဉ်ပြီး၏။

စက်မှုနိုင်ငံထူထောင်ရာ၌ လိုအပ်သည့်
လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေး တပည့်များအား လေ့ကျင့်သင်ကြားပေး

❖ **ကျောဖုံးမှ**

အရေးပေါ်ဆေးဝါးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လေယာဉ်ပေါ်မှ မော်တော်ယာဉ်ပေါ်သို့ ရွှေ့ပြောင်းတင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စစ်တွေလေဆိပ်ဧည့်ခန်းမဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဗိုလ်ချုပ်လှမင်းနှင့် ဝန်ကြီး ဦးမောင်မောင်ဆွေတို့က ရခိုင်ပြည်နယ်အတွင်း ဂီရိဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် စာသင်ကျောင်းများ၊ ကျန်းမာရေးဌာနများနှင့် လူနေအိမ်များပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် စစ်တွေမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မြေပုံမြို့သို့ ရောက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေပုံမြို့အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် သန့်ရှင်းရေးဆောင်ရွက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေပုံမြို့ ကန်သာထွက်ဝရပ်ကွက် ဘောလုံးကွင်း၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း၊ တိုင်းရင်းဆေးခန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ ဆေးခန်းတို့၌ ဆေးကုသပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ကယ်ဆယ်ရေးစခန်း၌ နေထိုင်လျက်ရှိကြသော လေဘေးသင့် ပြည်သူများအား ကျန်းမာရေးအခြေအနေ၊ စားသောက်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများရရှိမှုအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းကာ အားပေးစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က လေဘေးသင့်ပြည်သူများအတွက် စားသောက်စရာများနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြေပုံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်ဖြစ်သည့် စက်မှုနိုင်ငံထူထောင်ရာ၌ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးကို အထောက်အကူပြုမည့် ပညာရေးဖြစ်ရန် တပည့်များအား လေ့ကျင့်သင်ကြားပေးရေးနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် မြေပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြေပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်းက မုန်တိုင်းမတိုက်ခတ်မီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အားပေး အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က လူသုံးကုန်ပစ္စည်းများ၊ CDMA-450 တယ်လီဖုန်းနှင့် အရေးပေါ်ဆေးဝါးများကို ပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်ဆရာဝန်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတို့က လက်ခံကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းတို့က ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြေပုံမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မြေပုံမြို့နယ် ဝက်ခေါင်းကျေးရွာသို့ ရောက်ရှိကြပြီး လေဘေးသင့်ပြည်သူများအား အရေးပေါ်ဆေးဝါးများ၊ စားသောက်စရာများနှင့် လူသုံးကုန်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဝက်ခေါင်းကျေးရွာမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မင်းပြားမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် မင်းပြားမြို့ ရာမောင်ခန်းမ၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းထွန်းက ဂီရိဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကြိုတင်ကာကွယ်မှု အစီအမံများ ဆောင်ရွက်ခဲ့မှုအခြေအနေနှင့် မုန်တိုင်းလွန်ကာလ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အားပေးအမှာစကား ပြောကြားပြီး လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကိုပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံသည်။

ဆက်လက်၍ ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်တို့က ကယ်ဆယ်ရေးပစ္စည်းများနှင့် အရေးပေါ်ဆေးဝါးများ၊ ကျောင်းဝတ်စုံများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး မြောက်ဦးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် မြောက်ဦးဟိုတယ်ဧည့်ခန်းမ၌ ဝန်ကြီးချုပ်သည် မြို့မိ၊ မြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်သည်များကို စီမံဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရပါက စိတ်ဓာတ်ခိုင်မာရေးနှင့် ပူးပေါင်း

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့ ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့ ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအတွက် စားသောက်စရာများနှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည့် အခမ်းအနားတွင် လူသုံးကုန်ပစ္စည်းများ၊ CDMA-450 တယ်လီဖုန်းနှင့် အရေးပေါ်ဆေးဝါးများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မင်းပြားမြို့ ရာမောင်ခန်းမ၌ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

သဘာဝဘေးအန္တရာယ် လျော့ပါးစေရန် ကြိုတင်ဆောင်ရွက်သင့်သည်များကို စီမံဆောင်ရွက်ထားပြီး ပြည်သူများကလည်း အစီအမံများအတိုင်း လိုက်နာဆောင်ရွက်။ ရခိုင်ပြည်နယ်၌ သဘာဝသက်ကယ်ကုန်းများ ရှိပြီးဖြစ်၍ မုန်တိုင်းသတင်းရရှိပါက အဆိုပါ သက်ကယ်ကုန်းများကို အသုံးပြုခြင်းဖြင့် အသက်အန္တရာယ်ဆုံးရှုံးမှုကို ကာကွယ်နိုင်။

ရခိုင်ပြည်နယ်၌ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကောင်းမွန်သောအခြေအနေကို ဆောင်ရွက်

❐ စာမျက်နှာ ၄ မှ

ဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းမှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီးသို့ရောက်ရှိပြီး စေတီတော်ပထမလိုဏ်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် စေတီတော် ဘက်စုံပြုပြင်မွမ်းမံမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက လိုက်ပါရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြောက်ဦးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာပြီး စစ်တွေမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေမြို့ တပ်နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် မြေပုံမြို့၊ မင်းပြားမြို့နှင့် စစ်တွေမြို့တို့၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် ယနေ့ကမ္ဘာကြီး၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်နေကြရကြောင်းကို ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်လျက်ရှိသောကြောင့် သဘာဝဘေးအန္တရာယ်ကို အလေးဂရုပြုရမည့် ဒေသဖြစ်ကြောင်း။

သို့ဖြစ်၍ သဘာဝဘေးအန္တရာယ် လျော့ပါးစေရန် ကြိုတင်ဆောင်ရွက်သင့်သည်များကို စီမံဆောင်ရွက်ထားပြီး ပြည်သူများကလည်း အစီအမံများအတိုင်း လိုက်နာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၌ သဘာဝ သက်ကယ်ကုန်းများရှိပြီးဖြစ်၍ မုန်တိုင်းသတင်းရရှိပါက အဆိုပါ သက်ကယ်ကုန်းများကို အသုံးပြုခြင်းဖြင့် အသက်အန္တရာယ်ဆုံးရှုံးမှုကို ကာကွယ်နိုင်ကြောင်း။

ပင်လယ်ကမ်းစပ်ဒေသဖြစ်သည့် ရခိုင်ပြည်နယ်၌ သဘာဝဘေးအန္တရာယ်ကို ခံနိုင်သည့် ကွန်ကရစ်အဆောက်အအုံ ဆောက်လုပ်နေထိုင်သည့် လူနေမှုစနစ်ကို ပြောင်းလဲနေထိုင်ရန် ပညာပေးစည်းရုံး ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ပင်ပန်းကြီးစွာဖြင့် ရှာဖွေရရှိထားသောငွေကြေးကို သုံးဖြုန်းမပစ်ဘဲ စနစ်တကျ စုဆောင်းပြီး သားစဉ်မြေးဆက် အန္တရာယ်ကင်းစွာ နေထိုင်နိုင်သည့် လူနေမှုစနစ်ကို ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုကြုံတွေ့ရသော မုန်တိုင်းဒဏ်ကို အဆင့်ဆင့်သော တာဝန်ရှိသူများနှင့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုတင်စီမံ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်နိုင်ခဲ့၍ အသက်အန္တရာယ်ဆုံးရှုံးမှုလျော့ပါးခဲ့ရသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

မိမိတို့တွင် နာဂစ်မုန်တိုင်းဒဏ် ခံစားခဲ့ရစဉ် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိရောက်သောကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးများကို ဆောင်ရွက်နိုင်သည်သာမက အချိန်တိုအတွင်းမှာပင် တည်ဆောက်ရေးလုပ်ငန်းများကို မူလကထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့် အတွေ့အကြုံများ ရှိပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခု ရခိုင်ပြည်နယ်၌ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကိုလည်း နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကောင်းမွန်သော အခြေအနေကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီး ဘက်စုံပြုပြင်မွမ်းမံမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မြေပုံမြို့ ကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းပြားမြို့ ရာမောင်ခန်းမ၌ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြေပုံမြို့ ကယ်ဆယ်ရေးစခန်းရှိ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ ဆေးခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

❐ **ပင်လယ်ကမ်းစပ်ဒေသဖြစ်သည့် ရခိုင်ပြည်နယ်၌ သဘာဝဘေးအန္တရာယ်ကို ခံနိုင်သည့် ကွန်ကရစ်အဆောက်အအုံ ဆောက်လုပ်နေထိုင်သည့် လူနေမှုစနစ်ကို ပြောင်းလဲနေထိုင်ရန် ပညာပေးစည်းရုံးဆောင်ရွက်။**

❐ **မိမိတို့ ပင်ပန်းကြီးစွာဖြင့် ရှာဖွေရရှိထားသော ငွေကြေးကို သုံးဖြုန်းမပစ်ဘဲ စနစ်တကျ စုဆောင်းပြီး သားစဉ်မြေးဆက် အန္တရာယ်ကင်းစွာ နေထိုင်နိုင်သည့် လူနေမှုစနစ်ကို ကြိုးပမ်း။**

ကျန်းမာကြံ့ခိုင် သန်စွမ်းသည့်၊ အနာရောဂါ ကင်းဝေးသည့်၊ လူသက်တမ်းစေ့ ရှင်သန်နေထိုင်နိုင်သည့် ပြည်သူ (ဝါ) လူ့စွမ်းအား အရင်းအမြစ် ဖြစ်ထွန်းရေးသည် နိုင်ငံတစ်နိုင်ငံအတွက် အရေးကြီးဆုံး လိုအပ်ချက်ပင် ဖြစ်သည်။ ထို့အပြင် လူတစ်ဦးချင်း၊ ပုဂ္ဂလဘဝ ပျော်ရွှင်ချမ်းမြေ့မှု၏ ပဓာနအကြောင်းတရားမှာလည်း အနာရောဂါ ကင်းမဲ့ကာ ကျန်းမာပျော်ရွှင်စွာ နေထိုင်ရေးပင် ဖြစ်သည်။

လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေး

ကျန်းမာရေးကဏ္ဍက ကြီးမားသော အတိုင်းအတာတစ်ရပ်အဖြစ် ဟော်ဆောင်နိုင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် သန်း ၆၀ခန့်သော နိုင်ငံသူ၊ နိုင်ငံသားများ အသက်ရှည်ကျန်းမာစွာဖြင့် နေထိုင်နိုင်ရန် နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှု အစီအမံများကို တစ်နိုင်ငံလုံး လွှမ်းခြုံ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် မိခင်နှင့် ကလေးသေနှုန်းကျဆင်းခြင်း၊ လူ့မျှော်မှန်းသက်တမ်း မြင့်မားလာခြင်း၊ ရောဂါကြီးများဘေးမှ ကင်းဝေးလာခြင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ နိုင်ငံအနှံ့ ဖြန့်ကြက်ပေါ်ထွန်းလာခြင်းတို့ ဖြစ်ပေါ်လာသည်။

၁၉၈၈ ခုနှစ် မတိုင်မီကာလအတွင်း မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်နိုင်မှု အားနည်းသဖြင့် ခရိုင်အဆင့်ရှိမြို့များတွင်ပင် ဆေးရုံ၊ ဆေးခန်း မပြည့်စုံ။ ဆေးဝါး၊ ဆေးဝန်ထမ်းဘက်ပေါင်းစုံ လျော့နည်းကျဆင်းခဲ့ပြီး ကျန်းမာရေးကိစ္စအလို့ငှာ ရန်ကုန်မြို့ကြီးကိုသာ အားပြုခဲ့ကြရသည်။ အတတ်နိုင်ဆုံး ဖြည့်ဆည်းစွမ်းဆောင်ပေးခဲ့သည်ဟု ယူဆရနိုင်သော်လည်း အားနည်းလစ်ဟာချက်များရှိခဲ့သည်ကို ဖုံးကွယ်၍ မရနိုင်ခဲ့ချေ။ ပြည်သူတို့၏ လူမှုစီးပွား၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများတွင် များစွာ အားနည်းခဲ့သော ကာလများ ဖြစ်သည်။

ယနေ့ကာလတွင် ဤသို့မဟုတ်တော့။ အဘက်ဘက်မှ ယိုယွင်းကျဆင်းမှု အခြေအနေသည် ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလတွင် အဆုံးသတ်ခဲ့သည်။ ဆယ်စုနှစ် နှစ်စုကျော်ကာလသည် အပေါင်းလက္ခဏာများစွာကို ဆောင်ကြဉ်းပေးနိုင်သော သမိုင်းအချိုးအကွေ့ဖြစ်သည်။ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ထိရောက်သော မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များကို ချမှတ်ဖော်ဆောင်ပေးနိုင်ခဲ့သည်။

ဤမူဝါဒနှင့် ရည်မှန်းချက်များ ပြည့်စုံအောင် ဦးစွာ ကျန်းမာရေး စောင့်ရှောက်မှု အခြေခံအဆောက်အအုံများဖြစ်သည့် ဆေးရုံဆေးခန်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံနှင့်အဝန်း အဟုန်ပြင်းစွာ လုပ်ဆောင်ခဲ့သည်။ ကျန်းမာရေးဆိုင်ရာ ဆေးဝါး၊ ပစ္စည်း၊ အရင်းအမြစ်များ ပြည့်စုံလုံလောက်မှု ရှိလာသည်။ ရန်ကုန်မြို့ကို အားကိုးရသည့်ဘဝမှ ကိုယ့်အရပ်၊ ကိုယ့်ဒေသတွင်ပင် ဆေးကုသနိုင်သည့် အခွင့်အလမ်းများ ရရှိလာသည်။

ထင်သာမြင်သာ တင်ပြရလျှင် ၁၉၈၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံး၌ ဆေးရုံ ၆၃၁ ရုံသာရှိခဲ့ရာမှ ယနေ့ အချိန်တွင် ၈၉၈ ရုံအထိ တိုးတက်လာခဲ့ပြီဖြစ်သည်။ ဆေးရုံပေါင်း ၂၆၇ ရုံ တိုးတက်ဖြစ်ထွန်းခဲ့ပြီဖြစ်သည်။ ထိုနည်းတူ ယခင် တိုက်နယ်ဆေးရုံ ၃၀၅ ရုံရှိရာမှ ယခု ၅၀၅ ရုံ၊ ယခင် ကျေးလက်ကျန်းမာရေးဌာန ၁၃၃၇ ခု ရှိရာမှ ယခု ၁၅၀၄ ခု၊ ယခင် ဒေသန္တရ ကျန်းမာရေးဌာန ၆၄ ခုရှိရာမှ ယခု ၈၆ ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

ရုပ်ဝတ္ထုပိုင်း ဖြည့်ဆည်းပေးမှုများအပြင် ဆေးဝါးနှင့် ကျန်းမာရေး ပညာရှင်များ လေ့ကျင့်မျိုးထောင်ပေးနိုင်မှုအပိုင်းတွင်လည်း ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးလူအင်အား မူဝါဒ (Health Manpower Policy) ရေးဆွဲပြီး ကျန်းမာရေး ဝန်ထမ်းများကို ရေရှည်ကျန်းမာရေး ဖွံ့ဖြိုးမှုစီမံကိန်း လိုအပ်ချက်နှင့်အညီ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။ ဆေးသိပ္ပံပညာဦးစီးဌာနအောက်တွင် ဆေးတက္ကသိုလ် လေးခု၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်)တစ်ခု၊ အခြားကျန်းမာရေးဆိုင်ရာတက္ကသိုလ် ခုနစ်ခုနှင့် သူနာပြု သားဖွားသင်တန်းကျောင်း ၄၆ ကျောင်းတို့မှ နိုင်ငံတကာ အဆင့်မီ ဆေးဘက်ပညာရှင်မျိုးစုံကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

နိုင်ငံအတွင်း ဆေးတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး အရည်အသွေးမီ ကျန်းမာရေးဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ခြင်းအပြင် နိုင်ငံတကာအဆင့်မီ ဘွဲ့လွန်ဆေးပညာသင်တန်းများကိုပါ လေ့ကျင့်မွေးထုတ်လျက်ရှိရာ ယခုအခါ ဆေးပညာမဟာသိပ္ပံသင်တန်း ၂၉ မျိုး၊ ဝန်ထမ်းဆရာဝန်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာ သင်တန်းခြောက်မျိုး၊ ပြင်ပဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များအတွက် ဒီပလိုမာနှစ်မျိုးတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆင့်မြင့်ဆေးလက်တွေ့ ပါရဂူ ဘွဲ့လွန်သင်တန်း၌ ဘာသာရပ် ၃၁ မျိုး၊ ဆေးလက်တွေ့အခြေခံ ပါရဂူဘွဲ့၌ ဘာသာရပ် ခုနစ်မျိုးတို့ကို ၁၉၉၇ ခုနှစ်မှ စတင်ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ အထက်ပါဖြည့်ဆည်းပေးချက်များ၏ လက်တွေ့ အကျိုးရလဒ်များကို ယခုအခါ ပြည်သူများ လက်တွေ့ ခံစားနေရပြီဖြစ်သည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုတွင် တိုင်းရင်းဆေးတက္ကသိုလ်မှလည်း တစ်တပ်တစ်အား ပါဝင်လျက်ရှိသည်။ တိုင်းရင်းဆေးတက္ကသိုလ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အရည်အသွေးမြင့်မားသည့် ဘွဲ့ရ တိုင်းရင်းဆေးဆရာများ မွေးထုတ်ပေးမည့် တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ရာ ၂၀၁၀ခုနှစ်အထိ တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M)ရ တိုင်းရင်းဆေးဆရာ ၈၆၅ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်သည်။

တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေး စောင့်ရှောက်မှုအနေနှင့် ခရိုင်နှင့် မြို့နယ် ဆေးကုဌာနများ၊ တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ဖွင့်လှစ်ပြီး တိုင်းရင်းဆေးရုံ ၁၄ ရုံနှင့် တိုင်းရင်းဆေးကုဌာန ၂၃၇ ရုံတို့ကို ဖွင့်လှစ်ပေးခဲ့သည်။

နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများအတွက် နယ်စပ်ဒေသ ကျန်းမာရေးစီမံချက်ရေးဆွဲပြီး ဆေးရုံ ဆေးခန်းများ ဖွင့်လှစ်ခြင်း၊ ဝန်ထမ်းများ ခန့်ထားခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်တင်းခြင်းတို့ကို

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧



မကွေးမြို့တွင် အသစ်တည်ဆောက်ပေးထားသည့် သင်ကြားရေးဆေးရုံကြီးက ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည်။ (အပေါ်ပုံ)

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကို ဝေဟင်မှ တွေ့ရစဉ်။ (အောက်ပုံ)



မန္တလေးမြို့ အရိုးအထူးကု ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။

ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ခြင်း
ကျန်းမာရေးစောင့်ရှောက်မှုအခြေခံအဆောက်အအုံ တိုးတက်မှုအခြေအနေ
(အသစ်ဖွင့်လှစ်ရန်နှင့် အဆင့်မြှင့်တင်ရန် ဆောင်ရွက်ဆဲ ဆေးရုံများအပါအဝင်)

စဉ်	ဆေးရုံ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
	ဆေးရုံများ တိုးချဲ့မြှင့်တင်မှု	**ရုံ**	**၆၃၁**	**၈၉၈**	**၂၆၇**
၁	- အထူးကုဆေးရုံ	ရုံ	၁၅	၂၃	၈
၂	- သင်ကြားရေးနှင့် အထွေထွေရောဂါ	ရုံ	၄	၆	၂
၃	- ခုတင် (၁၀၀၀)	ရုံ	-	၁	၁
၄	- ခုတင် (၃၀၀)	ရုံ	၁	၅	၄
၅	- ခုတင် (၂၀၀)	ရုံ	၈	၃၁	၂၃
၆	- ခုတင် (၁၅၀)	ရုံ	၁၂	၃	အဆင့်မြှင့်တင်
၇	- ခုတင် (၁၀၀)	ရုံ	၂၈	၃၂	၄
၈	- ခုတင် (၅၀)	ရုံ	၃၃	၆၁	၂၈
၉	- ခုတင် (၂၅)	ရုံ	၄၉	၁၉၄	၁၄၅
၁၀	- ခုတင် (၁၆)	ရုံ	၁၆၂	၁၀	အဆင့်မြှင့်တင်
၁၁	- တိုက်နယ်ဆေးရုံ	ရုံ	၃၀၅	၅၀၅	၂၀၀
၁၂	- အခြားဝန်ကြီးဌာနအောက်ရှိဆေးရုံ ကျန်းမာရေးလုပ်ငန်းများ/ဌာနများ	ရုံ	၁၄	၂၇	၁၃
၁၃	- ကျေးလက်ကျန်းမာရေးဌာန	ခု	၁၃၃၇	၁၅၀၄	၁၆၇
၁၄	- ဒေသန္တရ ကျန်းမာရေးဌာန	ခု	၆၄	၈၆	၂၂

ဆေးတက္ကသိုလ်နှင့် သင်တန်းကျောင်းများ

စဉ်	အမျိုးအမည်	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	**တက္ကသိုလ်များ**	ခု	၄	၁၅	၁၁
	- ဆေးတက္ကသိုလ်	ခု	၃	၄	၁
	- သွားဘက်ဆိုင်ရာတက္ကသိုလ်	ခု	၁	၂	၁
	- သူနာပြုတက္ကသိုလ်	ခု	-	၂	၂
	- ဆေးဝါးတက္ကသိုလ်	ခု	-	၂	၂
	- ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်	ခု	-	၂	၂
	- ပြည်သူ့ကျန်းမာရေးတက္ကသိုလ်	ခု	-	၁	၁
	- အခြေခံကျန်းမာရေးတက္ကသိုလ်	ခု	-	၁	၁
	- တိုင်းရင်းဆေးတက္ကသိုလ်	ခု	-	၁	၁
၂	**သင်တန်းကျောင်းများ**	ကျောင်း	၂၅	၄၆	၂၁
	- သူနာပြုသင်တန်းကျောင်း	ကျောင်း	၆	၂၃	၁၇
	- သားဖွားသင်တန်းကျောင်း	ကျောင်း	၁၆	၂၀	၄
	- သူနာပြု/သားဖွား နှီးနွှယ်သင်တန်းကျောင်း	ကျောင်း	၃	၃	အဆင့်မြှင့်တင်

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံသစ်ကို တွေ့ရစဉ်။

✧ စာမျက်နှာ ၆ မှ

ဆောင်ရွက်ပေးလျက်ရှိပြီး နယ်စပ်ဒေသအတွက် ဆေးရုံ ၁၀၀၊ ဆေးခန်း ၉၇ ခန်းနှင့် ကျေးလက်ကျန်းမာရေးဌာန ၉၁ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၀တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ကျန်းမာရေး ဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရရှိနိုင်သော လူအင်အား၊ ငွေအင်အား၊ ပစ္စည်းအင်အားတို့ဖြင့် အကောင်းဆုံးနှင့် အထိရောက်ဆုံး၊ အကျိုးဖြစ်ထွန်းမှုအများဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးစီမံကိန်းများကို လုပ်ငန်းအလိုက်၊ အချိန်ကာလအလိုက်၊ ဒေသအလိုက်၊ အဆင့်အလိုက် စနစ်တကျရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအဖြစ် ဦးစားပေးရောဂါသုံးမျိုးဖြစ်သည့် ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ခုခံအားကျဆင်းမှု (အေအိုင်ဒီအက်စ်) ရောဂါများနှင့် အနာကြီးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိသည်။

ငှက်ဖျားရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၏ တိုးတက်အောင်မြင်မှုအဖြစ် ၁၉၈၈-၁၉၈၉ ခုနှစ်က ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်းမှာ လူဦးရေ တစ်ထောင်လျှင် ၂၄ ဒသမ ၅၃ အထိရှိခဲ့သော်လည်း ၂၀၀၈-၂၀၀၉ခုနှစ်တွင် ၁၀ ဒသမ ၇၅ သာရှိတော့သည်။ ယင်းအပြင် ငှက်ဖျားရောဂါဖြင့် သေဆုံးမှုနှုန်းမှာ လူဦးရေတစ်သိန်းလျှင် ၁၉၈၈-၁၉၈၉ ခုနှစ်တွင် ၁၀ ဒသမ ၄၄ရှိခဲ့ရာမှ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ၁ ဒသမ ၈၄ အထိ ကျဆင်းသွားခဲ့သည်။

အနာကြီးရောဂါသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် ရှိခဲ့သော ကူးစက်ရောဂါတစ်ခုအဖြစ် တွေ့ရှိရပါသည်။ ယင်းရောဂါ၏ နောက်ဆက်တွဲ ပြဿနာတစ်ခုဖြစ်သော ကိုယ်လက်အင်္ဂါ ပျက်စီးမှုနှင့် ချို့ယွင်းမှုများသည် ရောဂါဖြစ်သူနှင့် မိသားစုအား အကြီးမားဆုံး လူမှုရေးနှင့် စီးပွားရေးပြဿနာများကို ဖြစ်ပေါ်စေပါသည်။ နိုင်ငံတော်အစိုးရသည် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆေးပေါင်းတိုက်ကျွေးမှုစနစ်ဖြင့် ကုသပေးလျက်ရှိပြီး ရောဂါပျောက်ကင်းသူများ နှစ်စဉ် တိုးတက်များပြားလာခဲ့သည်။

၁၉၈၈ ခုနှစ် မတိုင်မီကာလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ရှိခဲ့ပါသည်။ အနာကြီးရောဂါ တိုက်ဖျက်ရေး လုပ်ငန်းများအား အမျိုးသားကျန်းမာရေး ကော်မတီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှု၊ နှီးနွှယ်သော အခြားဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပမှ လူမှုရေးအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုနှင့်တကွ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အနာကြီးရောဂါဖြစ်ပွားမှုနှုန်းမှာ လူဦးရေတစ်သောင်းလျှင် ၁၉၈၇ခုနှစ်၌ ၅၃ဦးအထိရှိခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင်၂ ဒသမ ၅ ဦး၊ ၂၀၀၈ ခုနှစ်တွင် သုည ဒသမ ၄၈ ဦး၊ ၂၀၀၉ခုနှစ်တွင် သုည ဒသမ ၄၇ ဦးသို့ လျော့နည်းသွားပြီဖြစ်သည့်အတွက် ယခုအခါ အနာကြီးရောဂါကို ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ်မှ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်သည်။

ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အနေဖြင့် ရောဂါကြိုတင်ကာကွယ်ရေး အခြေခံကျန်းမာရေး စောင့်ရှောက်ပေးရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေး စသည့်လုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်ရန်၊ နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်းလုံးတွင် ကျေးလက် ကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနများနှင့် ဒေသန္တရ ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ထားရှိပါသည်။

နိုင်ငံတစ်ဝန်းလုံးတွင် ကျေးလက်ကျန်းမာရေးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ၁၃၃၇ ခုရှိခဲ့ရာမှ ၂၀၁၀ ခုနှစ်တွင် ၁၅၀၄ ခုသို့ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ အရည်အသွေးကောင်းမွန်စွာ တိုးချဲ့ဆောင်ရွက်မှုကြောင့် မိခင်နှင့်ကလေး သေဆုံးမှုနှုန်းများ ကျဆင်းလာသည့်အပြင် လူ့မျှော်မှန်းသက်တမ်း တိုးတက်မြင့်မားလာသည်။

ကျန်းမာရေး ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှု၊ အားပေးကူညီမှုတို့ကို ခံယူ၍ ဆက်နွှယ်နေသော ဌာနများနှင့် ရင်းနှီးစွာ လက်တွဲပူးပေါင်း ဆောင်ရွက်ခြင်း၊ ပြည်သူလူထု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပစေတနာရှင် အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုကို စဉ်ဆက်မပြတ်ရယူဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၏ တာဝန်ကျေပွန်စွာ ကြိုးပမ်းမှုများကြောင့် ထိုက်တန်သော အောင်မြင်မှုများကို အတိုင်းအတာတစ်ခုအထိ ရရှိအောင်မြင်ခဲ့သည်။

ကျန်းမာရေးဆောင်ရွက်မှုများ၏ အောင်မြင်မှုတစ်ရပ်မှာ မြန်မာနိုင်ငံ၏ သေနှုန်းကြမ်း (Crude Death Rate) သည် လူဦးရေတစ်ထောင်လျှင် ၁၉၈၈ ခုနှစ်က ကျေးလက်ဒေသတွင် ၉ ဒသမ ၉ နှင့် မြို့ပြဒေသတွင် ၈ ဒသမ ၉ ရှိခဲ့ရာမှ ယခုအခါ ကျေးလက်ဒေသ၌ ၅ ဒသမ ၉ နှင့် မြို့ပြဒေသတွင် ၅ ဒသမ ၃ သို့ ကျဆင်းလာပါသည်။

ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှု၏ အထင်ရှားဆုံး မှတ်ကျောက်မှာ ပြည်သူလူထု၏ မျှော်မှန်းနိုင်သော သက်တမ်း (Life Expectancy) တိုးတက်မြင့်မားလာခြင်းပင် ဖြစ်သည်။ ပြည်သူလူထု မျှော်မှန်းသက်တမ်းသည် ၁၉၈၈ ခုနှစ်က ကျေးလက်ဒေသတွင် အမျိုးသား ၅၆ ဒသမ ၂ နှစ်၊ အမျိုးသမီး ၆၀ ဒသမ ၄ နှစ်နှင့် မြို့ပြဒေသတွင် အမျိုးသား ၅၉ ဒသမ ဝ နှစ်၊ အမျိုးသမီး ၆၃ ဒသမ ၂ နှစ်ရှိခဲ့ရာမှ ယခုအခါတွင် ကျေးလက်ဒေသတွင် အမျိုးသား ၆၃ ဒသမ ၂ နှစ်၊ အမျိုးသမီး ၆၇ ဒသမ ၁ နှစ်နှင့် မြို့ပြဒေသတွင် အမျိုးသား ၆၄ ဒသမ ဝ နှစ်၊ အမျိုးသမီး ၆၉ ဒသမ ဝ နှစ်အထိ တိုးတက်ခဲ့ပါသည်။

ချုပ်၍ဆိုရလျှင် အာရောဂျံ ပရမံလာဘံ-ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟူသော အဆိုအမိန့်သည် လူ့ဘဝ၏ အလိုလားအပ်ဆုံးသော လိုအင်ကို တိုတောင်းထိမိစွာ ဖော်ပြသောစကားရပ်ပင်ဖြစ်သည်။ ထိုအလိုလားအပ်ဆုံးသောအရာကို နိုင်ငံတော်က အပြည့်စုံဆုံးဖြစ်အောင် ဆယ်စုနှစ်နှစ်စုကျော်ကာလ၌ ဖြည့်ဆည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ကျန်းမာရေးကဏ္ဍက လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်း ရောဂါဘယ ကင်းရှင်းရေးတို့ကို ကြီးမားသော အတိုင်းအတာတစ်ရပ်အဖြစ်တိုးမြှင့် ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။ ထိုအစဉ်အလာကောင်း၊ အခြေအနေကောင်းများကို ထိန်းသိမ်းဖော်ဆောင်နိုင်ရန် လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးမှ မွေးဖွားပေါ်ပေါက်လာမည့် ခိုင်မာသည့် လွှတ်တော်များနှင့် ခိုင်မာသည့် အစိုးရအဖွဲ့တို့က အဓွန့်ရှည်အောင် ဆက်လက်ထိန်းသိမ်း ဖော်ဆောင်နိုင်ရန် ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဖျာပုံမြို့ ခုတင် (၂၀၀) တိုးချဲ့ ဆေးရုံကြီးကို တွေ့ရစဉ်။

ပြည်သူတို့၏မဲတစ်ပြားသည် ဒီမိုကရေစီနိုင်ငံ တည်ဆောက်မည့် ရွှေအုတ်

မြန်မာတို့ ရွေးကောက်ပွဲနှင့် အလှမ်းဝေးခဲ့သည်မှာ နှစ်ပေါင်း(၂၀) ရှိပြီဟု ပြောကြသည်။ မှန်လည်းမှန်ပါသည်။ ၁၉၉၀ ခုနှစ် မေလက ကျင်းပသော ရွေးကောက်ပွဲ၏ နောက်ပိုင်း ယခု ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇)ရက်နေ့ မတိုင်မီအထိ ရွေးကောက်ပွဲများ ကျင်းပခြင်းမရှိခဲ့ပေ။

ထိုနှစ်ပေါင်း(၂၀)ကာလသည် နိုင်ငံတော် တည်ငြိမ်ရေး ကြိုးပမ်းရသောကာလ၊ ပြည်တွင်းငြိမ်းချမ်းရေး ကျားကုတ်ကျားခဲ ရယူရသောကာလ၊ နိုင်ငံစီးပွားရေးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံ (Infra-structure) များကို နေ့ ည ဆက်အောင် တည်ဆောက်ခဲ့ရသောကာလ၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး (ဝါ) နိုင်ငံတော် အချုပ်အခြာအာဏာကို မူလပိုင်ရှင်ပြည်သူတို့လက်သို့ စနစ်တကျ ငြိမ်းချမ်းစွာ ပြန်လည်လွှဲပြောင်းပေးရေးအတွက် ဒီမိုကရေစီ လမ်းပြမြေပုံခေါ် ရှေ့လုပ်ငန်းစဉ် (၇)ရပ် ချမှတ်ကာ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းလျှောက်လှမ်းရသောကာလ၊ ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးနေသော နိုင်ငံတော်ကို ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲချမှတ်ကျင့်သုံးသောကာလ၊ ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက်၊ လက်ဝဲလက်ယာ အဖျက်သမားများရန်မှ နိုင်ငံနှင့် ပြည်သူကို ကာကွယ်ပေးနေခဲ့ရသောကာလ၊ ပိတ်ဆို့မှုအဖုံဖုံ၊ နှောင့်ယှက်မှုအစုံစုံတို့အကြားမှ နိုင်ငံအတွက် လိုအပ်သော (ဝါ) စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု၏ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ ဆည်မြောင်း တာတမံ၊ မြစ်ရေတင်စီမံကိန်း၊ စက်မှုလယ်ယာ အခင်းအကျင်း၊ စက်မှုဇုန်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အခြေခံပညာ သင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ စွမ်းရည်မြင့် လူသားအရင်းအမြစ်များ တည်ဆောက်၊ ပျိုးထောင်နေရသောကာလများပင် ဖြစ်ပေသည်။

ယခုအခါ အခြေခံအဆောက်အအုံများလည်း ပြည်ထောင်စု တစ်နံတစ်လျား အတိုင်းအတာတစ်ခုအထိ ပြည့်စုံအောင် တည်ဆောက်နိုင်ခဲ့ပြီဖြစ်၍ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇) ရက်နေ့တွင် မဲဆန္ဒရှင် ပြည်သူများက မဲပေးရွေးချယ် တင်မြှောက်မည့် လွှတ်တော်သုံးရပ် ကိုယ်စားလှယ်များက နိုင်ငံစီးပွားရေး ဆက်လက်တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနိုင်ရန် ရေကန်အသင့် ကြာအသင့် ဖြစ်နေပေပြီ။ ထိုအခြေခံအဆောက်အအုံများ မတည်ဆောက်နိုင်လျှင် နိုင်ငံစီးပွားရေး အရှိန်အဟုန်ဖြင့် တိုးတက်လာအောင် ဆောင်ရွက်ရန် မဖြစ်နိုင်ပေ။ လယ်ယာလုပ်ငန်းများ ခေတ်မီ စက်မှုလယ်ယာဖြစ်လာမှ ပြည်တွင်းသုံး၊ ပြည်ပပို့ထွက်ကုန် လှိုင်လှိုင်ရနိုင်မည်။ စက်မှုနိုင်ငံဖြစ်လာစေမည့် စက်မှုဇုန်များ၊ စက်ရုံများ တိုးပွားလာပြီး အဆင့်မြင့်မှ ပြည်တွင်းသုံး၊ ပြည်ပပို့စက်မှုထွက်ကုန် ဖြိုင်ဖြိုင်ရမည်။ ဤသို့ဖြင့် နိုင်ငံစီးပွားရေး ဘက်စုံတိုးတက်လာမှသာ နိုင်ငံသားတစ်ဦးချင်းဝင်ငွေတိုးမည်။ စီးပွားရေး တကယ်တမ်းဖွံ့ဖြိုးတိုးတက်လာလျှင် ပြည်သူတို့၏ ဝယ်လိုအား၊ ရောင်းလိုအားများ လိုက်လျောညီထွေရှိမည်။

ထိုသို့ အခြေခံအဆောက်အအုံများ ခိုင်ခံ့၊ ကျယ်ပြောစွာ တည်ဆောက်နိုင်ရန်ကလည်း ပြည်တွင်းငြိမ်းချမ်းရန် လိုအပ်သည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရစကတည်းက နိုင်ငံရေးဝါဒကွဲ၊ မူကွဲ၊ လူကွဲ၊ ဂိုဏ်းကွဲ၊ ဂဏကွဲများအချင်းချင်း တိုက်ခိုက်ကြသဖြင့် ပြည်သူတို့ မြေစာပင် ဖြစ်ခဲ့ရသည်။ နိုင်ငံဖွံ့ဖြိုးရေး လုပ်နိုင်ခြင်းမရှိခဲ့ပေ။ အနာရှိတော့ ယင်အုံဆိုသကဲ့သို့ ပြည်တွင်း၌ မြန်မာချင်း တိုက်ခိုက်နေသည့် ပြည်တွင်းသောင်းကျန်းမှု (ဝါ) ပြည်တွင်းစစ် နာတာရှည်ရောဂါကြောင့် ပြည်ပက စွက်ဖက် ခြေရှုပ်၊ စိုးမိုးခြယ်လှယ်လိုသည့် ကိုလိုနီလက်သစ် လက်ဟောင်းတို့က ယင်များပမာ အနာကိုအုံချင်ကြ၊ ဒုက္ခပေးချင်ကြ၍ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများက ယင်ကောင်များကို ခါထုတ်နေခဲ့ရသည်။ ထို့ကြောင့်လည်း တပ်မတော်အစိုးရက နှစ်ပေါင်း ၂၀ အတွင်း တောတွင်းလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့၊ အဖွဲ့ငယ်/အဖွဲ့ခွဲ (၂၃)ဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် ရင်ကြားစေ့ယူခဲ့ရသည်။ အမျိုးသားရင်ကြားစေ့ရေးဟု ခေါ်ခေါ်၊ ပြည်တွင်းငြိမ်းချမ်းရေးဟု ဆိုဆို၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြန်လည်တည်ဆောက်နိုင်ခြင်းဟု ပြောပြော ခေါ်နိုင်၊ ဆိုနိုင်၊ ပြောနိုင်သော ရာစုနှစ်တစ်ဝက်ခန့် တောက်လောင်နေသည့်စစ်မီးကြီး ငြိမ်းသတ်နိုင်ခဲ့သည်။

ပြည်တွင်းငြိမ်းချမ်းလာ၍ ဖွံ့ဖြိုးရေးတည်ဆောက်မှုများ ပြည်ထောင်စုတစ်ဝန်း နယ်စွန်နယ်ဖျားမကျန်၊ ကျေးလက်မချန် ဖြည့်ဆည်းနိုင်ခဲ့သည်။ ပြည်သူတို့စိတ်အေးချမ်းသာစွာ ကူးသန်းရောင်းဝယ်နိုင်၊ သွားလာနိုင်၊ နေနိုင်ကြသည်။ ဤအခြေအနေကောင်းများကြောင့်ပင် ဒီမိုကရေစီ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို တစ်ခုပြီးတစ်ခု အောင်မြင် ပေါက်မြောက် ခရီးရောက်အောင် လျှောက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပေသည်။ အားလုံးသိကြသည့်အတိုင်း ပထမလုပ်ငန်းစဉ်ဖြစ်သည့် အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် နိုင်ငံတော်တွင် လိုအပ်သည့် ဒီမိုကရေစီအခင်းအကျင်းများဖြစ်သည့် မြို့များ၊ ရွာများ၊ ခရိုင်များ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်း၊ အစိုးရဌာနအဖွဲ့အစည်းများ ကြိုတင်ပြင်ဆင်ဖွဲ့စည်းခြင်း၊ လိုအပ်မည့်ဥပဒေများ ကြိုတင်ရေးဆွဲခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းများ လုပ်ဆောင်ခဲ့ရသည်။ တတိယလုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားညီလာခံက ချမှတ်ပေးသောမူများဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ကို ၅၄ ဦးပါ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်က ရေးဆွဲခဲ့သည်။

စတုတ္ထလုပ်ငန်းစဉ်ဖြစ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပကာ ပြည်သူတို့၏ ဆန္ဒမဲများဖြင့် အတည်ပြုနိုင်ခဲ့သည်။ ပြည်သူတို့၏ ထောက်ခံမဲမှာ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်၍ ကမ္ဘာက အံ့သြချီးကျူးရသော ပြည်သူတို့၏ တစ်ခဲနက် ထောက်ခံမှုကြီးဖြစ်ခဲ့သည်။

လွတ်လပ်သောနိုင်ငံမှ ပြည်သူများပိုင်ဆိုင်သည့် အချုပ်အခြာအာဏာရပ်ကြီးကို ပြည်သူတို့က ရွေးချယ်လိုက်သော ကိုယ်စားလှယ်များက ကျင့်သုံးဆောင်ရွက်ကြရာ၌ ထင်ရာမစိုင်းဘဲ စည်းကမ်းတကျ လုပ်ကိုင်ကြရမည့် စည်းမျဉ်း၊ စည်းကမ်းများရေးသားပြဋ္ဌာန်းထားခြင်းကို နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဟု ခေါ်ကြပေသည်။ ၂၀၀၈ ခုနှစ်တွင် ပြည်သူတို့ မဲပေး အတည်ပြုခဲ့သည့် အခြေခံဥပဒေသည် တိုင်းရင်းသားစုံ၊ ဒေသစုံ၊ လူထု ပြည်သူ့ကိုယ်စားလှယ်အစစ်များကို နိုင်ငံတော်အာဏာ ပြန်လွှဲပေးရန် ဒီမိုကရေစီလုပ်ငန်းစဉ် ခုနစ်ရပ် ချမှတ်အကောင်အထည်ဖော်ပေးခဲ့ခြင်း ဖြစ်ပေသည်။

အခြေခံဥပဒေလည်း ရှိနေပြီ။ ရွေးကောက်ပွဲအစီအစဉ်များလည်း စေ့စေ့စပ်စပ် ချမှတ်ဆောင်ရွက်ပေးနေပြီ။ ပါတီများလည်း စုံစုံညီညီ

ခိုင်မျိုးညီလာအောင်

တည်ထောင် မှတ်ပုံတင်ခဲ့ကြပြီ။ ရွေးကောက်ပွဲတွင် ပြည်နယ်လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့အတွက် ယှဉ်ပြိုင်အရွေးခံရန်လည်း မဲဆွယ်စည်းရုံးနေကြပြီ။ ပြည်သူ မဲဆန္ဒရှင်များကလည်း မဲပေးပြီး မိမိတို့၏ ကိုယ်စားလှယ်များကို အကောင်းဆုံး၊ အမှန်ကန်ဆုံး ရွေးချယ်ရန် အသင့်ဖြစ်နေကြပေပြီ။

၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာပုဒ်မ ၂၀ ကျော်၊ ၁၉၇၄ခုနှစ် အခြေခံဥပဒေတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ပုဒ်မ ၂၀ ကျော်သာ ပါဝင်ခဲ့သော်လည်း ၂၀၀၈ ခုနှစ် အခြေခံဥပဒေ အခန်း(၁၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် နိုင်ငံသားအခွင့်အရေးနှင့် စပ်လျဉ်းသော ပုဒ်မ

ရွေးကောက်ပွဲ တရားမျှတ၊ လွတ်လပ်မည်၊ သန့်ရှင်းမည်၊ ထင်သာမြင်သာရှိမည်။ သတ်မှတ်ကာလအတွင်း မြန်မာတိုင်း ပါတီထောင်ခွင့်ရသည်။ ရွေးကောက်ပွဲဝင်ခွင့်ရသည်။ တကယ့်ကို All inclusive ရွေးကောက်ပွဲကြီး၊ Free and Fair Election ဟု စာရေးသူက ရဲရဲကြီးဆိုလိုက်ပါရစေ။ နိုင်ငံတော်၏ ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာရေးတို့ကို လိုလားကြသည့် ပြည်သူအားလုံး ဇွဲအဟုန်ပွားလို့ မဲရုံသွားကြပါစို့။ အသည်းကြားက မဲတစ်ပြားကို ဦးနှောက်(ကိုယ်ပိုင်)အသိဖြင့် သုံးသပ်ဆုံးဖြတ်ကာ ပြည်သူ့ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေးကြရင်း ငြိမ်းချမ်းသာယာ၊ ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးသို့ အရောက်လှမ်းကြပါစို့. . .။ မိမိတို့ပိုင်သော မဲတစ်ပြားသည် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် ရွှေအုတ်တစ်ချပ် ဖြစ်ပါစေသော်ဝ်။

လူတန်းစား အလွှာစုံ၊ ပါတီစုံကိုယ်စားလှယ်များ အချိန်ယူချမှတ်ပေးခဲ့သည့် အခြေခံမူများဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်၍ ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွား၊ ပြည်သူတစ်ရပ်လုံး၏ ဆန္ဒသဘောထားများဖြင့် ကိုက်ညီသည်ဟု ဆိုနိုင်ပေသည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ရေးဆွဲပေါ်ထွန်းလာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်သည်။

ယခု ပဉ္စမလုပ်ငန်းစဉ်ကား ပြည်သူတို့ တစ်ခဲနက်အတည်ပြု ပြဋ္ဌာန်းပေးထားသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များကို ပြည်သူတို့ လွတ်လပ်စွာ မဲပေးရွေးချယ်ကြရမည့် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးပင် ဖြစ်ပေသည်။ ၁၉၈၈ ခုနှစ်က နိုင်ငံတော်တွင် ကျရောက်နေသည့် ပြည်တွင်း၊ ပြည်ပ အန္တရာယ်များမှ ကာကွယ်သောအားဖြင့် နိုင်ငံတာဝန်ကို တပ်မတော်က ယူခဲ့ရခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲဖြင့် တက်လာသည့် ဒီမိုကရေစီအစိုးရမဟုတ်ဟု ပြည်တွင်း၊ ပြည်ပက ဝေဖန်ကြ၊ အတင်းအဖျင်းသဖွယ်ပြောကြ၏။ နိုင်ငံတော် အန္တရာယ်ကာကွယ်ရန် လိုအပ်နေချိန် မလွှဲမရှောင်သာယူခဲ့ရခြင်းဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ရွေးကောက်ပွဲလုပ်ပေးပါမည်ဟု ထိုစဉ်က နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က ကြေညာခဲ့သော်လည်း ထိုရွေးကောက်ပွဲ မလိုချင်၊ ကြားဖြတ်အစိုးရ ဖွဲ့ပေးပြီး အာဏာလွှဲပေးရန်သာ ရှစ်လေးလုံးခေါင်းဆောင်ဆိုသူများက တောင်းဆိုနေခဲ့ကြသည်။ လူတွေကို လမ်းပေါ်ထွက်အော်ခိုင်းပြီး ဒီမိုကရေစီနည်းမကျ၊ ပြည်သူ့ဆန္ဒမဲကို ရင်မဆိုင်ဝံ့ဘဲ ဆူပူမှုဖြင့်အာဏာသိမ်းရန် ကြံစည်ခဲ့ကြသည်။

တပ်မတော်က နိုင်ငံတော်တာဝန် မလွှဲမရှောင်သာယူခဲ့ရသည့် ၁၉၈၈ ခုနှစ်မှာပင် ပါတီစုံဒီမိုကရေစီ ဖွင့်ပေးခဲ့သည်။ ဒီမိုကရေစီနည်းကျ ၄၆ ခု အခန်း(၁) နိုင်ငံတော် အခြေခံမူများအခန်းတွင် လူ့အခွင့်အရေးဆိုင်ရာ ပုဒ်မ ၁၄ ခု စုစုပေါင်း ပုဒ်မ ၆၀ ပါဝင်သည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအဖွဲ့ကြီးက ရေးဆွဲပြဋ္ဌာန်းထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (U.N-Universal Human rights declaration)တွင် ပုဒ်မ ၃၀ သာ ပါဝင်ပေသည်။ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို တိကျစွာ လိုက်နာအကောင်အထည်ဖော်လျှင် မြန်မာတို့ လူ့အခွင့်အရေး(ဝါ) နိုင်ငံသားအခွင့်အရေး စံချိန်လွန်အောင် ရရှိလာမည်သာ ဖြစ်ပေသည်။

ရွေးကောက်ပွဲ တရားမျှတပါ့မလားဟူ၍ အများပြည်သူ သံသယဝင်အောင် ပြည်ပမှ နယ်ချဲ့အထောက်အပံ့ဖြင့် အသံလွှင့်နေသော ရေဒီယို၊ ရုပ်မြင်သံကြား စသည့် မီဒီယာများက မလိုတမာ ပြောနေသံများလည်း ကြားရသည်။ မြန်မာတို့သည် မဲပေးပွဲအတွေ့အကြုံ ကြွယ်ဝပြီးဖြစ်သည်။ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကို ဗြိတိသျှနယ်ချဲ့ အစိုးရအောက်တွင် ကျင်းပခဲ့သော်လည်း ပြည်သူက လွတ်လပ်ရေးယူပေးမည့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလ ကိုယ်စားလှယ်လောင်းအားလုံး (ကွန်မြူနစ်ခုနစ်ဦးမှအပ)ကို မဲပေးရွေးပေးခဲ့သည်။ မဲခိုး၊ မဲလိမ်၊ မဲရောင်း၊ မဲဝယ်ရန်မလိုပေ။ ခြိမ်းခြောက်မှုလည်း မရှိပေ။

၁၉၅၂ ခုနှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၆၀ ခုနှစ် ဖဆပလ အစိုးရလက်ထက် ရွေးကောက်ပွဲများအကြောင်းကို ရွေးကောက်ပွဲကော်မရှင်လူကြီး ဆရာချယ် ရေးသားထုတ်ဝေသည့် "တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးသို့" စာအုပ်တွင် လည်းကောင်း၊ ရွေးကောက်ပွဲ ခုံရုံးတော် မှတ်တမ်းများတွင် လည်းကောင်း၊ အတိုက်အခံ ပမညတမှ ထုတ်ဝေသော စာအုပ်များတွင် လည်းကောင်း ဖတ်ရှုလေ့လာနိုင်ပေသည်။ မင်းလှ ကိုးလောင်းပြိုင်၊

...မည့် ရွှေအုတ်တစ်ချပ်ဖြစ်ပါ

ာဏာ ပြန်လွှဲပေးရန်
်အထည်ဖော်ပေးခဲ့ခြင်း

ပွဲအစီအစဉ်များလည်း
တီများလည်း စုံစုံညီညီ

ာင်

င် ပြည်နယ်လွှတ်တော်၊
အမျိုးသားလွှတ်တော်တို့
ဦးရုံးနေကြပြီ။ ပြည်သူ
ကိုယ်စားလှယ်များကို
သင့်ဖြစ်နေကြပေပြီ။
ျား၏ မူလအခွင့်အရေး
ဒတွင် နိုင်ငံသားများ၏
ာင်ခဲ့သော်လည်း ၂၀၀၈
၏ မူလအခွင့်အရေးနှင့်
စပ်လျဉ်းသော ပုဒ်မ

ည်။ သတ်မှတ်
။ တကယ့်ကို
ာ စာရေးသူက
။ စစ်မှန်သော
ငွဲ့အဟုန်ပွားလို့
သပ်ဆုံးဖြတ်ကာ
ခေတ်မီဖွံ့ဖြိုး၍
မိမိတို့ပိုင်သော
်ပါစေသော်ဝ်။

နိုးတွင် လူ့အခွင့်အရေး
၁၉၄၆ ခုနှစ် ဒီဇင်ဘာလ
ပြဋ္ဌာန်းထားသော ကမ္ဘာ့
ersal Human rights
။ ၂၀၀၈ ခုနှစ် အခြေခံ
လျှင် မြန်မာတို့ လူ့အခွင့်
အောင် ရရှိလာမည်သာ

အများပြည်သူ သံသယ
သံလွှင့်နေသော ရေဒီယို
ာ ပြောနေသံများလည်း
၍ ကြွယ်ဝပြီးဖြစ်သည်။
ာက်ပွဲကို ဗြိတိသျှနယ်ချဲ့
က လွတ်လပ်ရေးယူပေး
ာ ကိုယ်စားလှယ်လောင်း
ပေးခဲ့သည်။ မဲခိုး၊ မဲလိမ်၊
မရှိပေ။
ာပလ အစိုးရလက်ထက်
ာ်မရှင်လူကြီး ဆရာချယ်
မိုကရေစီ ရွေးကောက်ပွဲ
ပွဲ ခုံရုံးတော် မှတ်တမ်း
တ်ဝေသော စာအုပ်များ
မင်းလှ ကိုးလောင်းပြိုင်၊

မြိတ် ဆီတောင်ရွာမှ အစုအပြုံလိုက်သတ်ဖြတ်မှု၊ ငါန်းဇွန် ခြောက်လောင်းပြိုင်သတ်မှု စသည့် ရွေးကောက်ပွဲ လူသတ်မှုများအကြောင်း၊ မဲပုံးဖောက်၊ မဲလိမ်မဲရောင်းမှုများအကြောင်း တောတွင်းသောင်းကျန်းသူများက ရွာများသို့ ဝင်ရောက်ခြိမ်းခြောက်ကာ မည်သူမည်ဝါ မည်သည့်ပါတီများကိုသာ မဲပေးရမည်ဟု အတင်းအကျပ်လုပ်ကြံပုံများကို အထက်ဖော်ပြပါ စာအုပ်များ၊ မှတ်တမ်းများ၊ ထိုခေတ်ထုတ်သတင်းစာ၊ ဂျာနယ်များတွင် ကြက်သီးမွေးညင်းထလောက်ဖွယ်တွေ့ရပါသည်။ နိုင်ငံအချို့တွင်လည်း ရွေးကောက်ပွဲမသမာမှု၊ ရွေးကောက်ပွဲ လူသတ်မှုများရှိကြောင်း သတင်းများ၌ တွေ့ရပါသည်။ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဟုဆိုနေသော နိုင်ငံအချို့မှာပင် လူထုကမရွေး၊ တရားသူကြီးကရွေးသောသမ္မတဟု စွပ်စွဲသံများ ကြားရပါသည်။ သူများနိုင်ငံအကြောင်း မပြောလိုတော့ပါ။

မြန်မာနိုင်ငံတွင် တပ်မတော်အစိုးရလက်ထက် ရွေးကောက်ပွဲကျင်းပခဲ့သည်မှာ ၁၉၆၀ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော (တပ်မတော်) အိမ်စောင့်အစိုးရလက်ထက်က ပထမဆုံးအကြိမ်ဖြစ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်းက တပ်မှူးများညီလာခံ(၁၉၅၉ခုနှစ်)တွင် တည်မြဲဖဆပလ၊ သန့်ရှင်းဖဆပလ၊ အတိုက်အခံဆိုရှယ်နီပမညတတို့ ယှဉ်ပြိုင်မည့် ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲကို တရားမျှတ လွတ်လပ်စွာကျင်းပရန်၊ တပ်ဘက်က မည်သည့်ဘက်ကိုမှ ဘက်မလိုက်ရန် တိကျစွာညွှန်ကြားခဲ့သည်။ (လက်တွေ့၌ တည်မြဲဖဆပလလိုလားသော တပ်မှူးအချို့က ဦးစီးချုပ် အမိန့်လွန်ဆန်ပြီး တည်မြဲနိုင်အောင် မဲကိစ္စ မသမာမှုများပြုလုပ်ခဲ့၍ ထိုတပ်မှူးအချို့ကို ဦးစီးချုပ်က အရေးယူကာ တပ်မှ ထုတ်ပယ်ခဲ့ရသည်။)

၁၉၉၀ ခုနှစ်မှ ရွေးကောက်ပွဲကာလ တပ်က တိကျစွာ ကြားနေရသည်။ ရွေးကောက်ပွဲကျင်းပသည့်နေ့ (၂၇-၅-၉၀)တွင် တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်တို့ အပြင်မထွက်ကြ။ ယူနီဖောင်းနှင့် မီးဘေးကြိုတင်ကာကွယ်သော မီးသတ်အချို့၊ ပါတီတစ်ခုမှ ဆင်တူဝတ်ပါတီဝင်များ လမ်းတိုင်းသို့ ဝင်ထွက်မဲဆွယ်သည်ကို တွေ့ရသည်။ မဲလိမ်မပေးနိုင်ရန် မှတ်ပုံတင်စစ်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ မဲတစ်ပြားမလုပ်ဘဲ ယှဉ်ပြိုင်သူအားလုံးအတွက် မဲစာရွက်စနစ်သုံးကာ မဲလိမ်၊ မဲညစ်၊ မဲခိုးမရအောင် လုပ်ခဲ့သည်။ ပြည်ပမီဒီယာများ၊ တောတွင်းသောင်းကျန်းသူများ၊ စည်းမစောင့်သော သံတမန်အချို့တို့ ရွေးကောက်ပွဲ၌ ဝင်ရှုပ်သည်ကိုသာ တွေ့ခဲ့ရသည်။

၂၀၀၈ ခုနှစ် မေလ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးတွင် ရန်ကုန်ရှိ နိုင်ငံစုံသံတမန်များကိုပါ ဖိတ်ကြားခေါ်ဆောင်ကာ ပြည်သူတို့ မဲပေးပုံ၊ မဲရေတွက်ပုံ၊ ထင်သာမြင်သာရှိပုံ၊ လွတ်လပ်သန့်ရှင်းပုံပြသခဲ့သဖြင့် သံတမန်တို့က ချီးကျူးခဲ့ကြသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြပြီး မဲပြားထုတ်၊ လုံခြုံသောမဲပေးခန်းဝင်၊ ကြိုက်သလိုမဲပေး၊ ပြီးလျှင် အပြင်မှ အများမြင်ရသည့်နေရာတွင် ထားရှိသော မဲပုံးထဲ ထည့်စေခဲ့သည်။ နံနက် ၆ နာရီ မဲရုံမဖွင့်မီ မဲပေးရန်ရောက်နေသူများအား မဲရုံတွင် ဖိတ်ခေါ်ကာ မဲပုံးများဖွင့်ကြည့်စစ်ဆေးစေသည်။ အပြင်မှမြင်အောင် မဲပုံးများမှောက်ခါပြစေသည်။ ထိုအချိန်မှစ၍ မဲပုံးထဲသို့ မဲဆန္ဒပေးခန်းမှထွက်လာသော မဲဆန္ဒရှင် မဲထည့်သည်မှအပ မဆိုင်သူမည်သူမျှ မဲပုံးနားမကပ်ရသည်ကို တွေ့မြင်ကြရသည်။ ညနေ ၄ နာရီ မဲရုံပိတ်ချိန် နောက်ဆုံးမဲပေးသူများကို ဖိတ်ခေါ်ကာ သူတို့ရှေ့မှာပင် မဲပုံးများဖွင့်၊ မဲပြားများရေတွက်ကာ ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲများခွဲခြားရေတွက်၊ စာရင်းသွင်း၊ အိတ်သွတ်၊ ချိပ်ပိတ်ပုံမြင်စေသည်။

ယခု ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲသည်လည်း ထင်သာမြင်သာရှိစေမည်။ လျှို့ဝှက်ခန်း၌ ကြိုက်ရာလူရွေးချယ် အမှန်ခြစ်မဲပေး၊ မဲပြားကို လူမမြင်အောင် အလယ်မှခေါက်၊ လူမြင်ကွင်း၌ထားသော မဲပုံးအတွင်း ထည့်စေမည်ဖြစ်သည်။ ယခုရွေးကောက်ပွဲ၌ ပို၍ထူးခြားသည်မှာ မဲရုံအတွင်း မဲပေးရာ၊ မဲပုံးဖွင့်ရေတွက်ရာတို့တွင် ရွေးကောက်ပွဲဝင်သူ သို့မဟုတ် ၎င်းတို့၏ကိုယ်စားလှယ်များ အချိန်ပြည့်ရှိနေခြင်းဖြစ်သည်။ မဲပုံးကို မည်သူမှ အလစ်မဖွင့်နိုင်၊ အိတ်ထဲမှ မဲပြားတစ်ထပ်ကြီး ခိုးမထည့်နိုင်၊ ထိုလုပ်ရပ်မျိုးကို ပါလီမန်ဒီမိုကရေစီ(ဖဆပလ)ခေတ် ရွေးကောက်ပွဲများ၌ တွေ့ခဲ့ဖူးကြပြီး ခရိုင်ဝန်(အရေးပိုင်) ရုံး၌ မဲပုံးများကို ညပေါင်းများစွာ သိမ်းထားပြီးမှ မဲရေတွက်ခဲ့သည့် ထိုခေတ်က ရွေးကောက်ပွဲမျိုးမဟုတ်ပေ။

ပြည်သူအများစုကြီးကြိုက်၍ ထောက်ခံမဲပေးသူများသာ အရွေးခံရမည်။ အချို့မီဒီယာများ၌ အတို့အထောင်လုပ်နေသလို ကြိုတင်မဲ အများအပြား ပေးခိုင်းသည့်နည်းဖြင့် မည်သည့်ပါတီ၊ မည်သူက နိုင်အောင်လုပ်လိမ့်မည်ဆိုသော အမနာပ စကားများသည် တမင် မမှန်ကန်မှန်း သိလျက် မလိုတမာပြောခြင်းသာဖြစ်သည်။ မဲရုံနှင့် အကွာအဝေးမည်မျှအတွင်း မဲမဆွယ်ရ၊ မဲဆွယ်ရာရောက်သည့် အပြုအမူများကိုမှ ပြုလုပ်ခွင့်မရှိဟု ရွေးကောက်ပွဲဥပဒေတွင် ဖော်ပြထားသည်။

ထို့ကြောင့် ရွေးကောက်ပွဲအပေါ် မည်သည့် သံသယမျှ ရှိရန်မလို။ အရေးကြီးသည်မှာ ဆန္ဒမဲပေးခွင့် (ဝါ) မဲလက်မှတ်တစ်ခုကို ပိုင်ဆိုင်ထားသော မဲဆန္ဒရှင်တိုင်း၊ ဒီမိုကရေစီအခွင့်အရေးကို လက်လွှတ်မခံဘဲ မဲရုံသို့ (ငါးနှစ်အတွက် ငါးမိနစ်ခန့်) အချိန်ပေးပြီး ဆက်ဆက်မဲသွားပေးကြရန် ဖြစ်သည်။ မဲမပေးနဲ့ဟူသော အသံများကား ဒီမိုကရေစီငှက်ဆိုးထိုးသံမျှသာ ဖြစ်သည်။

နိုင်ငံရေးပါတီ ထောင်လိုသူများအတွက် ၁၉၈၈ ခုနှစ်ကတည်းက တပ်မတော်အစိုးရက ပါတီစုံစနစ် ဖွင့်ပေးခဲ့ပြီးဖြစ်သည်။ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံအစပိုင်းမှာပင် နိုင်ငံရေးပါတီများဆိုင်ရာ အခန်းခေါင်းစဉ်၊ ပါတီစုံစနစ် အခြေခံမူများချမှတ်ခဲ့သည်။ အခြေခံ ဥပဒေ (၂၀၀၈) မှာလည်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ကြရမည့် ပုဒ်မများ ပါဝင်တာကို ကြေညာသိစေခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့်လည်း ယခုအခါ နိုင်ငံရေးပါတီ လေးဆယ်ဝန်းကျင် ဖွဲ့စည်းမှတ်ပုံတင်လာကြခြင်းဖြစ်သည်။

ပါတီထောင်မှတော့ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု နိုင်ငံတော်က ကြေညာသည့် ၂၀၀၈ ခုနှစ်ကတည်းက မိမိတို့ပါတီမှ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းများ လျာထားခွင့်ရှိခဲ့ကြပေပြီ။ ပါတီတည်ထောင်ချိန်၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း ရွေးချယ်လျာထားချိန် မရ၊ အချိန်ကပ်လွန်းသည်ဟု ဆိုသူများမှာ ပုရွက်ဆိတ်များကဲ့သို့ မိုးရာသီအတွက် ရိက္ခာကြိုစုမထားဘဲ မိုးရာသီတွင် စားစရာမရှိဟု ညည်းတွားသော နှံကောင်များနှင့် တူလှသူများသာဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲသတ်မှတ်ရက် စောလွန်း၊ နီးကပ်လွန်းသည်၊ ပါတီထောင်ချိန်မရ၊ ကိုယ်စားလှယ်လောင်းရှာချိန်မရဟု တာဝန်မဲ့ အကြောင်းမဲ့ပြောနေရန် မသင့်ပေ။ အလားတူ ယခင် ပါလီမန်ဒီမိုကရေစီခေတ် ရွေးကောက်ပွဲ မသမာမှုများကို မေ့ချင်ဟန်ဆောင်ပြီး ယနေ့ တပ်မတော်အစိုးရက တရားမျှတ၊ လွတ်လပ်၊ သန့်ရှင်းသော ရွေးကောက်ပွဲ လုပ်ပေးကာမှ ရွေးကောက်ပွဲကြီး တရားမျှတမည် မဟုတ်ဟု ပြောဆိုလာသူများသည်ကား ပြည်သူကို လိမ်ညာမှိုင်းတိုက်လိုသူများသာ ဖြစ်ပေသည်။

ရွေးကောက်ပွဲ တရားမျှတ၊ လွတ်လပ်မည်၊ သန့်ရှင်းမည်၊ ထင်သာမြင်သာရှိမည်။ သတ်မှတ်ကာလအတွင်း မြန်မာတိုင်း ပါတီထောင်ခွင့်ရသည်။ ရွေးကောက်ပွဲ ဝင်ခွင့်ရသည်။ တကယ့်ကို All inclusive ရွေးကောက်ပွဲကြီး၊ Free and Fair Election ဟု စာရေးသူက ရဲရဲကြီးဆိုလိုက်ပါရစေ။ နိုင်ငံတော်၏ ငြိမ်းချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာရေးတို့ကို လိုလားကြသည့် ပြည်သူအားလုံး ငွဲ့အဟုန်ပွားလို့ မဲရုံသွားကြပါစို့။ အသည်းကြားက မဲတစ်ပြားကို ဦးနှောက် (ကိုယ်ပိုင်) အသိဖြင့် သုံးသပ်ဆုံးဖြတ်ကာ ပြည်သူ့ကိုယ်စားလှယ်လောင်းများကို ရွေးချယ်မဲပေးကြရင်း ငြိမ်းချမ်းသာယာ၊ ခေတ်မီဖွံ့ဖြိုး၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီးသို့ အရောက်လှမ်းကြပါစို့. . . ။ မိမိတို့ပိုင်သော မဲတစ်ပြားသည် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး အတွက် ရွှေအုတ်တစ်ချပ်ဖြစ်ပါစေသော်ဝ်။ ။

ပါတီထောင်မှတော့ ၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲ ကျင်းပပေးမည်ဟု နိုင်ငံတော်က ကြေညာသည့် ၂၀၀၈ ခုနှစ်ကတည်းက မိမိတို့ပါတီမှ ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းများ လျာထားခွင့်ရှိခဲ့ကြပေပြီ။ ပါတီ တည်ထောင်ချိန်၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်လောင်း ရွေးချယ်လျာထားချိန်မရ၊ အချိန်ကပ်လွန်းသည်ဟု ဆိုသူများမှာ ပုရွက်ဆိတ်များကဲ့သို့ မိုးရာသီအတွက် ရိက္ခာကြိုစုမထားဘဲ မိုးရာသီတွင် စားစရာမရှိဟု ညည်းတွားသော နှံကောင်များနှင့် တူလှသူများသာဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲ သတ်မှတ်ရက် စောလွန်း၊ နီးကပ်လွန်းသည်၊ ပါတီထောင်ချိန်မရ၊ ကိုယ်စားလှယ်လောင်း ရှာချိန်မရဟု တာဝန်မဲ့ အကြောင်းမဲ့ပြောနေရန် မသင့်ပေ။

ဆန္ဒမဲပေးကြပါစို့

- နိုင်ငံ့အရေး ဒို့အရေးမို့
  ဆန္ဒမဲပေး ကြပါစို့။
- အမျိုးသားရေး ဒို့အရေးမို့
  ဆန္ဒမဲပေး ကြပါစို့။
- ဒီမိုကရေစီရေး ဒို့အရေးမို့
  ဆန္ဒမဲပေး ကြပါစို့။
- ဒို့မြေ ဒို့မြေ ဒို့ချစ်သမို့
  ဆန္ဒမဲပေး ကြပါစို့။
- ဒို့အနာဂတ် ဒို့ဆုံးဖြတ်လို့
  ဆန္ဒမဲပေး ကြပါစို့။
- အသိ၊ သတိ ဆင်ခြင်ညှိလို့
  ဆန္ဒမဲပေး ကြပါစို့။
- လူကောင်းမှုကောင်း အားသစ်လောင်းဖို့
  ဆန္ဒမဲပေး ကြပါစို့။
- နိုင်ငံသားတာဝန် ကျေပွန်ဖို့
  ဆန္ဒမဲပေး ကြပါစို့။
- သမိုင်းတစ်ခေတ် မော်ကွန်းသစ်ဖို့
  ဆန္ဒမဲပေး ကြပါစို့။
- ဒို့ဆန္ဒတွေ ပြည့်စေဖို့
  ဒို့ပန်းတိုင်ကို လှမ်းကိုင်ဖို့
  ဆန္ဒမဲသွား ပေးကြစို့။ ။

ဇော်မင်းမင်းဦး

မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။

၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။

၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။

၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။

၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။

၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။

၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

မဲပေးရာတွင် ‘ပယ်မဲ’ မဖြစ်စေရေး သတိပြုရန် အချက်များ

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲ လက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊
(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊
(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊
(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊
(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊
(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။
(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။
(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။
(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **“ပယ်မဲ”** အဖြစ် သတ်မှတ်မည်။
(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည်ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့် အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

အီရတ်စစ်ပွဲကိုထောက်ခံသူ ဗြိတိန်ဝန်ကြီးဟောင်းအား သတ်ရန်ကြိုးစားသော အမျိုးသမီးကျောင်းသူတစ်ဦး၏အမှု လန်ဒန်တရားရုံးတစ်ရုံး ကြားနာစစ်ဆေး

လန်ဒန် နိုဝင်ဘာ ၃

အီရတ်စစ်ပွဲကို ထောက်ခံအားပေးခဲ့သော ဗြိတိန်နိုင်ငံရေးသမားတစ်ဦးကို လက်စားချေသတ်ဖြတ်ရန် ကြံစည်အားထုတ်ခဲ့သည့် အမျိုးသမီး ကျောင်းသူတစ်ဦး၏ အမှုအား လန်ဒန်တရားရုံးတစ်ရုံးက နိုဝင်ဘာ ၂ ရက်တွင် စစ်ဆေးကြားနာခဲ့သည်။

အသက် (၂၁) နှစ်အရွယ် ရိုရှိနာရာ ချောက်ဒရီအမည်ရှိ ကျောင်းသူသည် ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးဟောင်း စတီဖင်တင်းမ်စ်ကို လန်ဒန်မြို့အရှေ့ပိုင်း လူမှုရေးဂေဟာတစ်ခု၌ မေလအတွင်းက မီးဖိုချောင်သုံးဓားဖြင့် နှစ်ကြိမ်တိုင် တိုက်ခိုက်ခဲ့သည်။

တရားရုံး၏ စစ်ဆေးကြားနာမှုများအရ ချောက်ဒရီသည် စတီဖင်တင်းမ်စ်ကို လက်ဆွဲနှုတ်ဆက်ဟန်ဆောင်ကာ ဝမ်းဗိုက်ကို ဓားဖြင့် နှစ်ချက်ဆင့်ထိုးခဲ့ကြောင်း သိရသည်။ သို့ရာတွင် ဘဏ္ဍာရေးဝန်ကြီးဟောင်းသည် ကံကောင်းထောက်မစွာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အီရတ်စစ်ပွဲကို ထောက်ခံခဲ့သည့်အတွက် လည်းကောင်း၊ အီရတ်ပြည်သူများအတွက် လက်စားချေသည့် အနေဖြင့် လည်းကောင်း ဘဏ္ဍာရေးဝန်ကြီးဟောင်းကို ချောက်ဒရီက သတ်ဖြတ်ရန် ကြိုးစားခြင်းဖြစ်ကြောင်း အဆိုပါအမှုကို စစ်ဆေးသည့် လန်ဒန်အလယ်ပိုင်း အိုးဘိုင်လေတရားရုံးမှ တရားသူကြီးကဆိုသည်။

ချောက်ဒရီသည် ၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်စစ်ကို အားပေးခဲ့သော အခြား နိုင်ငံရေးသမားများ၏ စာရင်းကိုလည်း စုဆောင်းပြုစုထားကြောင်း ရဲတပ်ဖွဲ့ သတင်းအရင်းအမြစ်များကို ကိုးကား၍ သတင်းဌာနများက ရေးသားဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘဂ္ဂဒက်မြို့တော်၌ ဗုံးပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွား၍ လူ ၆၀ ကျော်သေဆုံးပြီး ၂၀၀ကျော် ဒဏ်ရာရ

ဘဂ္ဂဒက် နိုဝင်ဘာ ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ရှီးယိုက်အုပ်စုဝင်များ နေထိုင်ရာဒေသ၌ နိုဝင်ဘာ ၂ ရက်က ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၆၃ ဦးသေဆုံး၍ ၂၀၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အပြင်းထန်ဆုံး ဗုံးပေါက်ကွဲမှုတစ်ခုမှာ ဆာဒါစီးတီးရှိ လူနေထူထပ်သော ရှီးယိုက်ရပ်ကွက်တစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဗုံးပေါက်ကွဲမှုများ မဖြစ်ပွားမီ အောက်တိုဘာ ၃၁ ရက်ကလည်း အီရတ်ခရစ်ယာန်ဝတ်ကျောင်းတစ်ခုကို အယ်လ်ခိုင်ဒါစစ်သွေးကြွများက ဝင်ရောက်စီးနင်း၍ဓားစာခံ ၂၀၀ကျော်အား ဖမ်းဆီးထားခဲ့ရာ သွေးမြေကျဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။

ဝတ်ကျောင်းကို အီရတ်လုံခြုံရေးတပ်ဖွဲ့များက စီးနင်းတိုက်ခိုက်၍ ဓားစာခံများကို ပြန်လည်ကယ်တင်ရန် ကြိုးပမ်းရာတွင် ရဲတပ်ဖွဲ့ဝင်နှင့် ဓားစာခံ စုစုပေါင်း ၅၂ ဦး သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အီရတ်ပြည်တွင်း နိုင်ငံရေး အခြေအနေသည် တင်းမာမှုများဖြစ်ပေါ်လျက်ရှိရာ ယင်းအခြေအနေကို အယ်လ်ခိုင်ဒါကဲ့သို့သော ဆွန်နီစစ်သွေးကြွများက အခွင့်ကောင်းယူကာ ဂိုဏ်းဂဏတိုက်ပွဲများ ပြန်လည် ဖန်တီးနိုင်ဖွယ်ရှိခြင်းကို စိုးရိမ်ရကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇနီပြည်နယ်ရှိ ခရိုင်တစ်ခုကို တာလီဘန်များ သိမ်းပိုက်ခဲ့

ဂါဇနီ နိုဝင်ဘာ ၃

အာဖဂန်နစ္စတန်နိုင်ငံ ဂါဇနီပြည်နယ်ရှိ ခရိုင်တစ်ခုကို စစ်သွေးကြွအများအပြားက အောက်တိုဘာ ၃၁ ရက် ညပိုင်းတွင် တိုက်ခိုက်သိမ်းပိုက်ခဲ့ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများတွင် ဖော်ပြသည်။

စစ်သွေးကြွများ ဝင်ရောက်သိမ်းပိုက်ခဲ့သောခရိုင်မှာ ခိုဂျီယာနီခရိုင်ဖြစ်ပြီး အာဖဂန်အစိုးရ၏အုပ်ချုပ်ရေးအဆောက်အအုံများကို အဓိကထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ခရိုင်အုပ်ချုပ်ရေးဌာနချုပ်အဆောက်အအုံကို စစ်သွေးကြွများက မီးတင်ရှို့ခဲ့ကြပြီး ယင်းဒေသကို ကာကွယ်နေသော အာဖဂန်ရဲတပ်ဖွဲ့ဝင်များလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် စစ်သွေးကြွများ သိမ်းပိုက်ထားသော ခရိုင်မှာ အာဖဂန်ရဲတပ်ဖွဲ့က ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ နိုဝင်ဘာ ၁ ရက်ထုတ် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ခိုဂျီယာနီခရိုင်ကို တာလီဘန်အဖွဲ့က သိမ်းပိုက်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် နိုဝင်ဘာ ၃

. အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး နိုဝင်ဘာ ၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ ၇၀၄၂၁၈ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၇၄၅၆၁ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၄၂၁၈ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၄၅၆၁ ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး နိုဝင်ဘာ ၃

. အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး နိုဝင်ဘာ ၃ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၃၆၃ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၄၀၄၁၅ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၃၆၃ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၀၄၁၅ ဦး

အင်တာနက်။

လစ်ပီလစ်ပီ၏ ဟက်ထရစ်ဖြင့် ဥဿာယူနိုက်တက်အသင်း MFF ဖလား ဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၃

၂၀၁၀ MFF Max Cement Cup ရှုံးထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဥဿာယူနိုက်တက်အသင်းက Southern Myanmar အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဥဿာယူနိုက်တက် - သုံးဂိုး
(လစ်ပီလစ်ပီ)

Southern Myanmar - တစ်ဂိုး
(ကလစ်ဖို့ဒ်-ပယ်နယ်တီ)

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဒုတိယဆုရ Southern Myanmar အသင်းကို ဥဿာယူနိုက်တက်အသင်းပိုင်ရှင် ဦးအောင်မိုးကျော်က တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၁၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပထမဆုရ ဥဿာယူနိုက်တက်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းက ပထမဆုရ ဥဿာယူနိုက်တက်အသင်းအား ချန်ပီယံဆုဖလားနှင့် ဆုကြေးငွေကျပ်သိန်း ၃၀၀ကို ပေးအပ်ချီးမြှင့်သည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ပထမဆုရ ဥဿာယူနိုက်တက် အသင်းအား ဆုဖလား ချီးမြှင့်စဉ်။

Explore Myanmar စာအုပ် ထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၃

The Commerce Journal (စီးပွားရေးသတင်းဂျာနယ်)က Explore Myanmar (The Golden Land of Trade and Investment Opportunities) စာအုပ် **(ယာပုံ)** ကို အင်္ဂလိပ်ဘာသာဖြင့် နိုဝင်ဘာ ၈ ရက်တွင် စတင်ဖြန့်ဝေမည်ဖြစ်ကြောင်း၊ စာအုပ်၏ စာမျက်နှာတိုင်း Art Card Paper ဖြင့် ရောင်စုံပုံနှိပ်ထားပြီး ပြည်တွင်းသာမက ပြည်ပသို့ပါ ဖြန့်ဝေမည်ဖြစ်ကြောင်း သိရသည်။

စာအုပ်တွင် ကဏ္ဍ ၁၄ ခုပါဝင်ပြီး အဓိကအားဖြင့် ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အရေးနှင့် အလားအလာကောင်းများ၊ လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှု ကဏ္ဍများနှင့် ပတ်သက်၍ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဖော်ပြထားရှိကြောင်း သိရသည်။

"စီးပွားရေးအောင်မြင်စေရန် သတင်းအချက်အလက်ကို အခြေခံ" ဆိုပြီး ကုန်သွယ်မှုအတွက် အထောက်အကူပြုစေရန် ကြိုးပမ်းနေသည့် Commerce Journal ၏ ပုံစံအတိုင်း နောက်ဆုံးသတင်းအချက်အလက်များ စုံလင်စွာဖြင့် ဖော်ပြထားကြောင်း၊ အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံအကြောင်း၊ နေပြည်တော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ ရေထွက်ကုန်များကဏ္ဍ၊ ကျောက်မျက်နှင့် သတ္တုတွင်းထွက်ပစ္စည်းများကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ စက်မှုဇုန်များနှင့် အထည်ချုပ်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေး၊ နယ်စပ်ကုန်သွယ်ရေး၊လေကြောင်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေး၊ ကုန်သေတ္တာလုပ်ငန်း၊ မြန်မာနိုင်ငံနှင့် ဆောင်ရွက်နေသော အပြည်ပြည်ဆိုင်ရာ သဘော်ာလိုင်းများ၊ ပို့ကုန်သွင်းကုန်များ အရည်အသွေးစမ်းသပ်စစ်ဆေးရေးအဖွဲ့များအကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပနိုင်ငံများနှင့် ပေါင်းစည်းဆောင်ရွက်မှု/ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မှု အခွင့်အရေးနှင့် အလားအလာနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများ၏ ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်၊ အီးမေးလ်နှင့် လိပ်စာများ ပါဝင်ပြီး ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားရှိကြောင်း သိရှိရသည်။

Explore Myanmar စာအုပ်ကို လက်ကိုင်ထားခြင်းအားဖြင့် မြန်မာနိုင်ငံနှင့် ဆောင်ရွက်နိုင်မည့် စီးပွားရေးလုပ်ငန်းကဏ္ဍစုံအတွက် အချိန်တိုအတွင်း အလွယ်တကူ လေ့လာသိရှိနိုင်ကြောင်းနှင့် The Commerce Journal ၏ ပုံစံအတိုင်း အဆိုပါ Explore Myanmar စာအုပ်တွင် တိကျမှန်ကန်သည့် နောက်ဆုံးအချက်အလက်များကို ထည့်သွင်းထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၆) အမှတ်(၄၃)တွင် "Political Times" အထူး အချပ်ပိုအပါအဝင် "သူတို့နိုင်ရင် ဘာလုပ်ပေးကြမှာလဲ" နိုင်ငံရေးသုံးသပ် မျက်နှာဖုံးဆောင်းပါး၊ ပြည်တွင်း နိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ မဲပေးရန် အမှန်ခြစ်လေ့ကျင့်ခြင်းများနှင့် ကျေးရွာများအထိ ကွင်းဆင်းလေ့ကျင့်ပေး၊ ဆရာဦးအောင်မိုးရေးသားသည့် "ကိုဖော်တဲ့ဆေး ကိုယ်မစားရဲတဲ့အဖြစ်"၊ ဆရာဦးကိုကိုလှိုင် ရေးသားသည့် "တွေးတွေးဆဆပြော ချင့်ချင့်ချိန်ချိန်ယုံ ဆင်ဆင်ခြင်ခြင်ဆုံးဖြတ် လေးလေးစားစားဖော်ဆောင်" စသည့် နိုင်ငံရေးအတွေးအမြင်ဆောင်းပါးများ၊ မြန်မာနိုင်ငံသားပိုင် MAI လေကြောင်းလိုင်း ပြည်ပခရီးစဉ် တိုးချဲ့ရန် လေယာဉ်သစ်ရောက်ရှိ၊ ဂျီအက်စ်အမ် ကြိုတင်ငွေချေကတ်စနစ်သုံး ဆက်ကြောင်းအဆင့်မြှင့်မည်ဖြစ်၍ ၂၀ တန်ပရီပိတ် ကတ်ဖုန်းလိုင်းများ ရက်သတ္တသုံးပတ်ခန့် ခေတ္တဖြတ်တောက်မည်၊ မြန်မာ့မုန်တိုင်းသမိုင်းတွင် စံချိန်တင်အဖြစ် ငါးနှစ်ဆက်တိုက် မုန်တိုင်းတိုက်၊ မြန်မာ့ပထမဆုံး သရီးဒီရုပ်ရှင်ဇာတ်ကားကြီးများ စတင်ရိုက်ကူးတော့မည်ဟုဆို၊ တရုတ်-အင်္ဂလိပ်နှစ်ဘာသာဖြင့် တရုတ်နိုင်ငံတွင် ထုတ်ဝေထားသည့် ထီလာစစ်သူ၏ တရုတ်-မြန်မာချစ်ကြည်ရေးစာအုပ် ပြည်တွင်းတွင် ထပ်မံ ဖြန့်ချိမည်၊ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက် မန်းကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "ရွေးကောက်ပွဲနှင့် အပြောင်းအလဲ"၊ အနုပညာလောက က ရှုပ်ထွေးတယ်လို့ပြောရင် ရယ်ချင်တယ်" မယ်လိုဒီနှင့် လိုတိုဗျူး စသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

သက်ဦးဆံပိုင်ဘုရင်စနစ်ကို နိုင်ငံရေးအရှုပ်အထွေးထဲ ဆွဲမသွင်းသင့်ဟု ထိုင်းတပ်မတော်အကြီးအကဲဆို၊ ချွဲလက်နက်သည် တန်ဖိုးထားရသော ရတနာသိုက်တစ်ခုဖြစ်ဟု မြောက်ကိုရီးယားပြောကြား၊ အီရတ်စစ်ပွဲ လျှို့ဝှက်ချက်ပေါင်းစာမျက်နှာလေးသိန်းခန့် ဝီကီလိခ်ဝက်ဘ်ဆိုက်မှ ဖော်ထုတ်၊ ကိုယ်လိမ်းခရင်မ် သန္ဓေတားဆေး ပေါ်လာပြီ၊ စီးပွားရေးအရ တရုတ်နှင့် အပေးအယူလုပ်ရာတွင် မူဝါဒများကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်သွားမည်ဟု အိုဘားမားပြောကြား၊ လပေါ်မှာရေတွေ့ပြီ၊ "လုပ်ငန်းကျွမ်းကျင်မှု မရှိသော သူနာပြုဆရာမ များယွင်းကုသမှုကြောင့် အမှုရင်ဆိုင်နေရ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာ ပါရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီ ဂရိတ်ထိ လျော့နည်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** မင်းတပ်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် ၃ ဒသမ ၆၇ လက်မနှင့် ဟားခါးမြို့တွင် သုည ဒသမ ၄၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့ မြန်မာစံတော်ချိန် ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားမှုမရှိဘဲ အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့ (Port Blair)၏ အရှေ့တောင်ဘက် မိုင် ၂၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဆက်လက်ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၄ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး၊ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၁၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၃၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၅။ မွေးမြူသုတ
၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၀)**
၅း၅၅ ၁၀။ ဘယ်လိုမဲပေးကြမှာလဲ
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၅။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း-၁၈)
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖြူစင်သောအားမာန် (အပိုင်း-၄)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒီမိုမွေးနေ့ -ရှက်တယ်၊ အေးအေးခိုင်နှင့် သရုပ်ဆောင်များ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ အနုပညာရှင်၏တစ်နေ့တာ
၂၃။ ကုန်သွယ်သုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၁၂)**
၂၆။ ဂီတရင်ခုန်သံ
၂၇။ သင့်အတွက်မနက်ဖြန်
၂၈။ အပိတ်နှုတ်ဆက်စကား
၂၉။ ပြီးပါပြီ။

ကွင်းဆင်းဆောင်ရွက်

တမူးခရိုင် ခမ်းပါတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးအတွင်း အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်းကို ကွင်းဆင်းဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

မိုးသောက်ပန်းဂျာနယ် ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃

မြဝတီစာပေတိုက်က အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသော 'မိုးသောက်ပန်းဂျာနယ်' ၂-၁၁-၂၀၁၀ ရက်ထုတ် အတွဲ(၁၃) အမှတ်(၃၈)တွင် ကာတွန်းတင်အောင်နီ၏ 'ဂွန်ဂွန်း'၊ ကာတွန်းသန့်စင်၏ 'စူပါမှုန်ကြီး'၊ ကာတွန်းဇက်တီ၏ 'ခြသေ့လေး လီယို'၊ကာတွန်း နေခြည်၏ 'ငါးရံ့၊ငါးခူ၊ ငါးပူတင်း၊ ကာတွန်း စောဟန်၏ 'ရန်ပိုင်စိုး'၊ ကာတွန်းမြေဇာ၏ 'အတတ်ဆန်းချင်သူ'၊ ကဗျာကဏ္ဍတွင် ရွှေစင်(ပေါက်ခေါင်း)၏ 'အလှတွင်အယဉ်ဆင့်'၊ ပုံပြင်ကဏ္ဍတွင် ဦးစော၏ 'ပညာရှိသော ပေါက်တူးသမားအကြောင်း' နှင့် ဉာဏ်စွမ်းရည်ကဏ္ဍ၊ 'ဆုဒိုခု' ပြိုင်ပွဲများစသည့် ကဏ္ဍစုံ၊ ရသစုံနှင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း၊ မိုးသောက်ပန်းဂျာနယ်များဝယ်ယူလိုပါက အမှတ်(၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့၊ အမှတ်(၁၅)တပ်မြေ မိုးကောင်းဘုရားလမ်း ၁၅ ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် ၅၅၉၂၇၃ တို့တွင် ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသုံး လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်မြို့နယ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စစ်တွေလေဆိပ်၌ ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ဒေသများသို့ ပေးပို့မည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် အရေးပေါ်ဆေးဝါးများကို လေယာဉ်ပေါ်မှ မော်တော်ယာဉ်ပေါ်သို့ ရွှေ့ပြောင်းတင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ပြီး နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေလေဆိပ်၌ ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ဒေသများသို့ ပေးပို့မည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖

ဝင်းဇော်ဝင်း၏ **"လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေး ကျန်းမာရေးကဏ္ဍက ကြီးမားသောအတိုင်းအတာတစ်ရပ်အဖြစ် ဖော်ဆောင်နိုင်"** သတင်းဆောင်းပါးကို စာမျက်နှာ (၆၊၇) တွင် ဖတ်ရှုနိုင်ပါသည်။

ကပ္ပလီပင်လယ်ပြင်ရှိ မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

ရန်ကုန် နိုဝင်ဘာ ၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့ (Port Blair)၏ အနောက်တောင်ဘက် မိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြု၍ ဆက်လက်တည်ရှိနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံဘက်ဆီသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)